# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday 30 October 2018 ၉၄၅၅

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာရှတရားသူကြီးများကွန်ရက် (AJNE) တို့ ပူးပေါင်း၍ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံ (Asia-Pacific Judicial Conference on Environmental and Climate Change Adjudication)" ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Hilton Hotel ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

ညီလာခံကို သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမှုများ စစ်ဆေးစီရင်မှုနှင့်စပ်လျဉ်း၍ တိုးတက်ခိုင်မာလာစေရေးအတွက် ကျင်းပခြင်းဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ တရားမျှတမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အမှုများ စစ်ဆေးစီရင်ခြင်း၊ စီရင်ထုံးများလိုက်နာမှု အားကောင်းလာစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အုပ်ချုပ်မှုတို့နှင့်ပတ်သက်၍ အကောင်းဆုံး ကျင့်သုံးမှုများကို တရားသူကြီးများနှင့် ဥပဒေပညာရှင်များအကြား ကျယ်ကျယ်ပြန့်ပြန့် အပြန်အလှန်ဆွေးနွေးဖလှယ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ညီလာခံကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ၊ ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တရားစွဲဆိုမှုများနှင့် တွေ့ကြုံရသောစိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲလာသည့်ခေတ်ကြီးတွင် တရားသူကြီးများ၏အခန်းကဏ္ဍ အစရှိသည်တို့နှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများက ရှုထောင့်အသီးသီးမှ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## မြန်မာအမျိုးသားလေကြောင်း အေတီအာရ်လေယာဉ်များ ပြုပြင်နိုင်မှုလက်မှတ် ရရှိ

ရန်ကုန် အောက်တိုဘာ ၂၉

**မြန်မာအမျိုးသားလေကြောင်းလိုင်း၏ အေတီအာရ်လေယာဉ်ဆိုင်ရာ EASA အသိအမှတ်ပြု အကြီးစားအလုပ်ရုံလက်မှတ်ရရှိခြင်း (EASA Part 145 Maintenance Organization) အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ ကျွန်းမာရေးဆိပ်ခံတံတားရှိ ပန်ထွာမင်းသမီး အပျော်စီးသင်္ဘောပေါ်၌ ကျင်းပသည်။**

မြန်မာအမျိုးသား လေကြောင်းလိုင်းသည် အေတီအာရ်လေယာဉ်ကုမ္ပဏီမှ ATR72-600 လေယာဉ်အသစ်ခြောက်စင်း ဝယ်ယူခဲ့သည့်အတွက် EASA အသိအမှတ်ပြု အကြီးစားလေယာဉ် ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံ ထူထောင်ခွင့်ရရှိခဲ့ရာ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစကာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် သုံးနှစ်ခန့်အကြာတွင် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ ပြုပြင်နိုင်သော အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ကြောင်း သိရသည်။

"မြန်မာအမျိုးသားလေကြောင်းလိုင်းဟာ နှစ် ၇၀ ကျော်သက်တမ်းရှိလာတဲ့ National Flag Carrier ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ နိုင်ငံတကာအဆင့်မီ ပြုပြင်နိုင်တဲ့ အသိအမှတ်ပြုလက်မှတ်ရရှိခဲ့တဲ့အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းသမိုင်းမှာ ဂုဏ်ယူရမယ့် နေ့တစ်နေ့ဖြစ်ပါတယ်။ ဒီအောင်မြင်မှုတွေကို ဆက်လက်ထိန်းထားနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

**ယနေ့ သတင်းအညွှန်း**


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာမျက်နှာ - ၁၀

**ကြားဖြတ်ရွေးကောက်ပွဲတွင် ခရိုင်အလိုက် ကွင်းဆင်းကြီးကြပ်ရန် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား တာဝန်များခွဲဝေပေးအပ်** စာမျက်နှာ - ၁၁





## ကြေးမုံ

# ပြုပြင်ပြောင်းလဲခြင်းဖြင့် ပြည်သူ့အကျိုးဖော်ဆောင်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အောက်တိုဘာလ ၂၈ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ ရွှေသောင်ယံတံတား (မကျီးချောင်း) ဖွင့်ပွဲအခမ်းအနားတွင် ဒီမိုကရေစီကျင့်စဉ်အရ ပြည်သူကို ဦးထိပ်ထားပြီး ပြည်သူကိုလေးစားစွာအလုပ်အကျွေးပြုရန်နှင့် ပြည်သူ့ဝန်ကို ထမ်းဆောင်ရာတွင် ကောင်းမွန်သည့်အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်လာစေရန် ပြည်သူ့ဝန်ထမ်းများကိုယ်တိုင်က ပြုပြင်ပြောင်းလဲနိုင်မှု၊ ယုံကြည်မှုအပြည့်အဝဖြင့် လိုက်ပါဖော်ဆောင်ပေးကြရန် လေးလေးနက်နက် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံ့တာဝန်ကိုရယူခဲ့သော အစိုးရ၏ နှစ်နှစ်ကျော်ကာလအတွင်း ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်စေရန် လမ်း၊ တံတားများကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျန်ရှိသော ကာလအတွင်းမှာလည်း ဒေသအလိုက် လိုအပ်နေသော တံတားအစင်းပေါင်း ၄၀၀ ကျော် ပြီးစီးအောင် တည်ဆောက်သွားရန် စီစဉ်ထားသည်။ ပြည်သူများ၏ဘဝ လုံခြုံစိတ်ချမှုရှိစေရန် လမ်းများ၊ တံတားများကို ကြိုတင်ပြင်ဆင်အဆင့်မြှင့်တင်နိုင်ခဲ့သည်။ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်အတွင်း ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်း၊ ကျေးလက်ဒေသနေပြည်သူအားလုံး၏ ၉၀ ရာခိုင်နှုန်းအား ကျေးလက်လမ်းများ ရာသီမရွေးအသုံးပြုနိုင်အောင် နှစ်စဉ်နှစ်တိုင်း ဖောက်လုပ်ပြင်ဆင်အဆင့်မြှင့်တင်မှုများကို ပြုလုပ်သွားမည်ဟု သိရသည်။

ယင်းမှာ ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော လမ်းတံတားတည်ဆောက်ထိန်းသိမ်းအဆင့်မြှင့်တင်ပေးနေသော ကဏ္ဍတစ်ခုကို ပြဆိုခြင်းဖြစ်သည်။ အလားတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အားကောင်းလာရေးတွင်လည်း အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူကို ဦးထိပ်ထားပြီး ပြည်သူကိုလေးစားစွာဖြင့် အလုပ်အကျွေးပြုရန်၊ ပြည်သူ့ဝန်ဆောင်မှုပြုရန် နိုင်ငံတော်သမ္မတက အထူးသဖြင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများအား သတိပေးပြောကြားနေခြင်းဖြစ်သည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများသည် မိမိတို့သားစဉ်မြေးဆက်များ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုအတွက်ဖြစ်သည်ကို နားလည်သဘောပေါက်ကြပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူများက ဟန်ချက်ညီစွာ လိုက်ပါဆောင်ရွက်ကြမှသာ လိုရာခရီးရောက်မည်ဆိုသည်ကို နိုင်ငံတော်သမ္မတက ပုသိမ်ခရီးစဉ်တွင် ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားမှုများသည် နိုင်ငံနှင့် ပြည်သူရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသူများ အလေးအနက်ထား၍ လိုက်နာဆောင်ရွက်ကြိုးပမ်းအားထုတ်ကြရမည့် အချက်များဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး၊ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ အတိတ်ကာလက လုပ်ဆောင်ခဲ့သော အမှားများကို သင်ခန်းစာယူကာ အနာဂတ်ကာလတွင် ပိုမိုကောင်းမွန်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် လက်ရှိကာလတွင် ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ တိုင်းပြည်တိုးတက်မှုကို မဖြစ်စေခဲ့သော အတွေးအခေါ်အယူအဆနှင့် လုပ်နည်းကိုင်နည်းများကို ပြောင်းလဲဆောင်ရွက်ကြရမည် ဖြစ်သည်။ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်ရာ၌ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ကျွန်ုပ်တို့အားလုံး၏ ပုံသေကားကျ အတွေးအခေါ်၊ အယူအဆ၊ အလေ့အထများကို ပြုပြင်ပြောင်းလဲနိုင်စွမ်းမည်မျှရှိသည် အပေါ်တွင် မူတည်နေသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်သူပြည်သားများနှင့် ဝန်ထမ်းများအားလုံး၏ ပုံစံကျနေသည့် အတွေးအမြင်များ၊ ပုံသေကားကျ အလေ့အထများအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့တော်ဝန်ဆု ဒုတိယအကြိမ် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ(ဗဟိုအဆင့်) ရေးဖြေပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ရန်ကုန်မြို့တော်ဝန်ဆု ဒုတိယအကြိမ် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ (ဗဟိုအဆင့်) ရေးဖြေပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဗဟိုအဆင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် မြို့နယ်အဆင့်မှ ပြည်သူ့နီတိအသိပညာပေးစာမေးပွဲကို အောင်မြင်ခဲ့ကြသော မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဖြေဆိုခွင့်ကတ်များ အချိန်မီထုတ်ယူနိုင်ရန်အတွက် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ယင်းနေ့ နံနက် ၈ နာရီခွဲ အရောက်လာရောက်ကြရန်နှင့် ကျောင်းဝတ်စုံများ ဝတ်ဆင်လာကြရန် ကျင်းပရေးကော်မတီမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ငှက်ပြာကင်းထောက်မယ်များ ဖွဲ့စည်းရန်အတွက် ကင်းထောက်နည်းပြအဆင့် အလုပ်ရုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ငှက်ပြာကင်းထောက်မယ်များ ဖွဲ့စည်းရေးအတွက် ကင်းထောက်နည်းပြအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေ၊ ဒုတိယ ကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာတို့က အမှာ စကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာ တင်ညိုနှင့် ကင်းထောက်ကြီးများ၊ အမျိုးသမီးကင်းထောက်ကြီးများ၊ သင်တန်းတက်ရောက်မည့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မြစ်ကြီးနားမြို့ရှိ အခြေခံပညာကျောင်းများမှ ကင်းထောက် ဆရာမများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာမများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



**ကင်းထောက်နည်းပြအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသမီးအဖွဲ့ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည် ဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

မြန်မာနိုင်ငံတွင် အသက် ခုနစ်နှစ်မှ ၁၁ နှစ်အတွင်း လူငယ်လေးများအား ငှက်ပြာကင်းထောက်မယ်အဖြစ် ဖွဲ့စည်းပြီး လေ့ကျင့်သင်ကြားနိုင်ရန်အတွက် ကင်းထောက်နည်းပြအဆင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ရာ ငှက်ပြာကင်းထောက်နှင့် ရှေ့လုပ်ငန်းစဉ်များ၊ ကတိနှင့်ကျင့်ဝတ်များ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကျန်းမာရေး အာဟာရ၊ မိဘကူညီမှုများ၊ သဘာဝပတ်ဝန်းကျင် လေ့လာစူးစမ်းခြင်းများ၊ ကြိုးချည်နည်းများ၊ တေးသီချင်းများ၊ စုပေါင်းကစားနည်းများကို သင်တန်းနည်းပြများက သင်ကြားပို့ချခြင်းဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ ကင်းထောက် အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်က ဆွေးနွေးပွဲ တက်ရောက်လာကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၉**

ရန်ကုန်(ရွှေဈေး) ၁၀၃၆၅၀၀ - ၁၀၃၆၅၀၀ မန္တလေး(ရွှေဈေး) ၁၀၃၆၅၀၀ - ၁၀၃၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၇၅/၁၀၉၀ ကျပ်၊ | ၁၁၁၀/၁၁၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၇၀/၁၀၉၅ ကျပ်၊ | ၁၁၄၀/၁၁၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၁၀၁၅/၁၀၅၀ ကျပ်၊ | ၁၀၈၀/၁၁၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၈၅/၁၁၀၀ ကျပ်၊ | ၁၁၂၅/၁၁၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၅၀/၁၀၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၆၀/၁၀၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၃၅/၉၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၅၉. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂. ၅၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၆. ၇၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၉. ၉၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၃၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၀. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅. ၇၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၅. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၈. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇွန် ၁၀ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

❖ **ရှေ့ဖုံးမှ**

ညီလာခံသို့ အာဆီယံနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ ပစိဖိတ်ဒေသတွင်းနိုင်ငံများ၊ ဗြိတိန်၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ နယူးဇီလန်၊ ကိုရီဘတ်စ်နိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ADB၊ UN Environment မှ တာဝန်ရှိသူများနှင့် Train-The-Trainers Program Environmental Champions မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ကော်မရှင်နှင့် ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခများ၊ ရန်ကုန်နှင့် မန္တလေး ရှေ့နေများအသင်း ဥက္ကဋ္ဌများ၊ ခရိုင်အဆင့် တရားသူကြီးများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ၊ သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

အိုင်အယ်လ်အိုနှင့် မြန်မာအစိုးရတို့ လက်မှတ်ရေးထိုးခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်း စီမံချက်တွင် ပါရှိသည့် အဓမ္မခိုင်းစေမှုတားဆီးရေး ကျင့်သုံးမှုကောင်းဆိုင်ရာ လမ်းညွှန်ချက်ကို အပြီးသတ်ဆွေးနွေးရန် အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ညှိနှိုင်းအစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အိုင်အယ်လ်အို ရန်ကုန်ရုံးမှ အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ Mr. Rory Mungoven နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် အိုင်အယ်လ်အိုနှင့် လက်မှတ်ရေးထိုးခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်အရ ဆရာများအတွက် သင်တန်း (Training of Trainers -ToT) အပါအဝင် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရန် သင်ရိုးညွှန်းတမ်းနှင့် သင်တန်းအချိန်ဇယားများကို အတည်ပြုရန်၊ အဓမ္မခိုင်းစေမှု တားဆီးရေးကျင့်သုံးမှုကောင်းဆိုင်ရာ လမ်းညွှန်ချက်ကို အပြီးသတ်အတည်ပြုရန်နှင့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးတိုင်ကြားမှု ယန္တရားတစ်ရပ် ထူထောင်ရေး ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း။

မေ ၂၃ ရက်တွင် ကျင်းပခဲ့သည့် High Level Working Group အစည်းအဝေး၌ အိုင်အယ်လ်အိုမှ တင်ပြထားသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် သင်တန်းအစီအစဉ်များအပေါ်တွင် ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို အိုင်အယ်လ်အိုမှ ပြင်ဆင်ဖြည့်စွက်ပြီးပြန်လည်ပေးပို့လာသည့် “Good Practice Guidelines for Preventing Forced Labour”နှင့် သင်တန်းအစီအစဉ်ကို ယနေ့အပြီးသတ် ညှိနှိုင်းဆွေးနွေး အတည်ပြုသွားမည် ဖြစ်ပါကြောင်း။

သင်တန်းအစီအစဉ်အရ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များကို အသိအမြင်မြှင့်တင်ပေးခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိများနှင့် တပ်မတော်အရာရှိများကို ToT သင်တန်းပေးခြင်းဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေးကို အဆင့်ဆင့်လက်ဆင့်ကမ်း အသိပညာပေးနိုင်မည်ဖြစ်ပြီး လုပ်ငန်းစီမံချက်၏ ဦးစားပေးအဆင့်(၃)အရ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြန်လည်အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများကို မိမိတို့ အစီအစဉ်ဖြင့် ပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ToT သင်တန်းတွင် ပါဝင်တက်ရောက်ကြမည့် ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ အရာရှိများနှင့် တပ်မတော်မှအရာရှိများကို စိစစ်ရွေးချယ်၍သင်တန်းပို့ချရေးကို အိုင်အယ်လ်အိုနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့် နားလည်မှုစာချွန်လွှာအရ တည်ထောင်ခဲ့သည့် တိုင်ကြားမှုယန္တရားကို အစားထိုးရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေးတိုင်ကြားမှုယန္တရားတစ်ရပ် ထူထောင်ရေးကို ယခင်အစည်းအဝေးတွင်ဆွေးနွေးခဲ့ပြီး စက်တင်ဘာ ၂၀ ရက်၌ အိုင်အယ်လ်အို ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံစဉ် အဆိုပါ ယန္တရားတစ်ရပ်ထူထောင်နိုင်ရေးအတွက် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို ဆွေးနွေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလတွင် ကျင်းပရန် လျာထားမှုနှင့်ပတ်သက်၍လည်း ကော်မတီအဖွဲ့ဝင်များအနေဖြင့် အကြံပြုလိုသည်များရှိပါက အကြံပြုပေးစေလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးနှင့်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည့်အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းပါဝင်ဖြေရှင်းသွားရန် အသင့်ဖြစ်နေကြောင်းကို နိုင်ငံတော်အကြီးအကဲများကလည်း အတိအလင်း ပြောကြားပြီးဖြစ်ပါ၍ ဆက်လက်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ယခုကဲ့သို့ တစုတစည်းတည်း အဖြေရှာပြီး အခွင့်အလမ်းကောင်းများအဖြစ် အသုံးချသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များက အိုင်အယ်လ်အိုမှ ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်ပေးပို့လာသည့် အဓမ္မခိုင်းစေမှု တားဆီးရေးကျင့်သုံးမှုကောင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် သင်တန်းအစီအစဉ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေး ဖြည့်စွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

○ **မြန်မာအမျိုးသားလေကြောင်းမှ**

အခမ်းအနားတွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က မြန်မာအမျိုးသား လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းထံသို့ EASA Part 145 Maintenace Organization EASA 145-0801 အသိအမှတ်ပြုလက်မှတ်ကို လွှဲပြောင်းပေးအပ်သည်။**(ယာပုံ)**

အဆိုပါလေယာဉ်များကို ယခင်က မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိအမှတ်ပြုလက်မှတ်ဖြင့်သာ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုအခါ မြန်မာအမျိုးသား လေကြောင်းပိုင် အေတီအာရ် ခုနစ်စင်းအပါအဝင် မြန်မာနိုင်ငံအတွင်း အေတီအာရ် လေယာဉ်အမျိုးအစား အစင်း ၂၀ ခန့်ရှိလာသည့်အတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာအင်ဂျင်နီယာများက ဆောင်ရွက်နိုင်ပြီဖြစ်၍ နိုင်ငံခြားငွေ ကုန်ကျမှုများကို သက်သာအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသား လေကြောင်းကို ၁၉၄၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ (ယူဘီအေ) ဟူသောအမည်ဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုအခါ နှစ် ၇၀ ပြည့်မြောက်ပြီဖြစ်ကြောင်း၊ လေကြောင်း၏ အမည်ကိုလည်း လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း (ဘီအေစီ)၊ မြန်မာ့လေကြောင်း (အမ်အေ)၊ မြန်မာအမျိုးသား လေကြောင်း (အမ်အင်န်အေ) စသည်ဖြင့်ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ်အထိ ဒေသတွင်းနိုင်ငံများသို့ ပြေးဆွဲခဲ့သော်လည်း ၁၉၉၂ ခုနှစ်မှစ၍ ပြည်တွင်းသာ ပြေးဆွဲခဲ့ရာ ၂၀၁၅ ခုနှစ်ရောက်မှ ဘိုးရင်းလေယာဉ်အသစ်များဖြင့် နိုင်ငံတကာသို့ ပြန်လည်ပြေးဆွဲခဲ့ကြောင်း၊ လက်ရှိတွင် ပြည်တွင်းလေဆိပ် ၂၈ ခုသို့ပြေးဆွဲလျက်ရှိသည့်အပြင် စင်ကာပူ၊ ဗန်ကောက်၊ ဟောင်ကောင်၊ ချင်းမိုင်နှင့်ဗုဒ္ဓဂယာသို့ ပြေးဆွဲနေကြောင်း၊ ယခုနှစ်အတွင်း တရုတ်နိုင်ငံ ချန်ဒူးနှင့် ဂူဟာမ်းမြို့များသို့ တိုးချဲ့ပြေးဆွဲရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

**ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)**



# ဥရောပသမဂ္ဂကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၉**

ဥရောပသမဂ္ဂ(EU)မှ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ အရေးယူခြင်း ကိစ္စရပ်များနှင့်ပတ်သက်၍ EU ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၉ ရက်က ရောက်ရှိလာပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်များက ဆွေးနွေးမှုရလဒ်များကို မီဒီယာများမှတစ်ဆင့် ပြည်သူများ သိရှိစေရန် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ လှည်းတန်းစင်တာ၌ ပြုလုပ်ခဲ့သည်။



“တွေ့ဆုံဆွေးနွေးမှုမှာ ကျွန်တော်တို့အဖွဲ့ချုပ်က ပေးလိုက်တဲ့ အချက်သုံးချက်အပေါ်မှာ အခြေခံပြီး ဆွေးနွေးလိုက်တာပါ။ သူတို့လာတဲ့ အဖွဲ့ကိုက ကျွန်တော်တို့ အသံကို နားထောင်တဲ့အဖွဲ့ ဖြစ်ပါတယ်။ ဘာမှတ်ချက်မှတော့ ပေးမသွားဘူး။ သူတို့က အစီရင်ခံစာရေးမယ့် အဖွဲ့ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(MICS)မှ ဒုတိယဥက္ကဋ္ဌ ဦးနော်အောင်က ရှင်းပြသည်။

ယင်းဆွေးနွေးမှုတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်များဘက်က အဓိကအချက်သုံးချက်ကို ဆွေးနွေးတင်ပြခဲ့ပြီး EU ကိုယ်စားလှယ်များဘက်က တင်ပြချက်များကို မှတ်သား၍ မှတ်ချက်တစ်စုံတစ်ရာပေးခြင်းမျိုးမရှိဘဲ အစီရင်ခံစာရေးသားမည့် ကိုယ်စားလှယ်အဖွဲ့သာဖြစ်ကြောင်းနှင့် EU ၏ ဆုံးဖြတ်ချက်များကို လက်ရှိအချိန်တွင် ပြောဆိုရန် စောသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ ဆွေးနွေးပွဲပြီးနောက် အလုပ်သမားသမဂ္ဂများသည် စီးပွားရေးပိတ်ဆို့မှု ပြုလုပ်မည့်ကိစ္စကို ကန့်ကွက်ကြောင်း၊ မိမိတို့အလုပ်သမားများသာမက အလုပ်ရှင်များ၊ ပြည်သူများ၊ နိုင်ငံသားများအားလုံး အရေးကိစ္စဖြစ်ကြောင်းနှင့် ကန့်ကွက်မှုအပေါ် ဆွေးနွေးခြင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ဦးဆောင်ဆွေးနွေးသူများမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်(CTUM)မှ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS)မှ ဒုတိယဥက္ကဋ္ဌ ဦးနော်အောင်တို့က ဆွေးနွေးခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၉**

(၃၆) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံ၌ရောက်ရှိနေသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး H.E. Mr.Chan Chun Sing က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် အစီအစဉ်အရ ကျင်းပသော အစည်းအဝေးများဖြစ်သည့် Energy Resilience and Innovation အကြောင်းအရာ၊ Clean Energy Transformation ကဏ္ဍပေါ်၊ (၃၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးမှ ဆွေးနွေးမှုများအား ဆောင်ရွက်ပြီးစီးမှုများ၊ The ASEAN Plan of Action for Energy Cooperation ကဏ္ဍတွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အာဆီယံအဆင့်မြင့်အရာရှိများ အစည်းအဝေးမှ ဆွေးနွေးမှုများ၊ အာဆီယံရေနံကောင်စီ၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ Heads of Power Utilities/ Authorities မှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် (၃၆) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ Joint Ministerial Statement အပေါ်တွင်လည်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။




ထို့နောက် မွန်းလွဲပိုင်းတွင် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများအကြား စွမ်းအင်ဆိုင်ရာ အစည်းအဝေးသို့လည်းကောင်း၊ အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် အရှေ့အာရှထိပ်သီးနိုင်ငံများအကြား စွမ်းအင်ဆိုင်ရာအစည်းအဝေးသို့လည်းကောင်း တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လာအိုနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Dr. Khammany Inthirath နှင့် အဖွဲ့အားလည်းကောင်း၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E Mr. Siri Jirapongphan နှင့် အဖွဲ့အား လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံစွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် (၃၆) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး အထိမ်းအမှတ်ညစာစားပွဲနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များချီးမြှင့်ခြင်းအခမ်းအနားများသို့လည်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက်က Energy Research Institute of ASEAN and East Asia (ERIA) မှ President, Professor Hidetoshi Nishimura အဖွဲ့အား တွေ့ဆုံ၍ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန၊ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ၊ အပြည်ပြည်ဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများ၊ Energy Research Institute of ASEAN and East Asia (ERIA) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သားဖွားဒီပလိုမာသင်တန်း သင်ရိုးညွှန်းတမ်းနှင့် လက်စွဲစာအုပ်စာတမ်းများ မိတ်ဆက်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သော သားဖွားဒီပလိုမာသင်တန်း သင်ရိုးညွှန်းတမ်းနှင့် လက်စွဲစာအုပ်စာတမ်းများ မိတ်ဆက်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကျေးလက်တောရွာများနှင့် ဝေးလံ ခက်ခဲဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရန်နှင့် ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် သားဖွားဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါကြောင်း၊ အရည်အသွေးပြည့်ဝသော သားဖွားဆရာမများ မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီပြီး နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီမှုရှိသော သင်ရိုးညွှန်းတမ်းကို ယခုရေးဆွဲထားရှိပြီးဖြစ်ကြောင်း၊ ယခုရေးဆွဲပြီးသော သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်း သင်ရိုးညွှန်းတမ်းနှင့် ဆက်စပ်စာအုပ်စာတမ်းများကို လာမည့်စာသင်နှစ်တွင် စတင်အသုံးပြုသင်ကြားသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်ရိုးညွှန်းတမ်းနှင့် လက်စွဲစာအုပ်စာတမ်းများကို အလုပ်ရုံဆွေးနွေးပွဲများ ရှစ်ကြိမ်တိတိ အဆင့်ဆင့်ပြုလုပ်ပြီး ဝိုင်းဝန်းရေးဆွဲခဲ့ကြသည့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သားဖွားနှင့် မီးယပ်ပါရဂူများ၊ ကလေးအထူးကုပါရဂူများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ Johns Hopkins University မှ နှီးနွှယ် Jhpiego အဖွဲ့၊ UNFPA နှင့် 3MDGs တို့မှ တာဝန်ရှိသူများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊

လမ်းပြမြေပုံသဖွယ်ဖြစ်သော သင်ရိုးညွှန်းတမ်းကောင်းမွန်မှုမရှိပါက သင်ကြားသင်ယူမှုများတွင် ဦးတည်ရာလမ်းကြောင်း မမှန်ကန်နိုင်ဘဲ အခက်အခဲများဖြစ်ပေါ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် အရည်အသွေးပြည့်ဝသော ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ၊ ကျွမ်းကျင်ပညာရှင်များ သင်ကြား လေ့ကျင့်ပေးနိုင်ရေးအတွက် သင်ကြားပေးသူ သင်တန်းဆရာများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှုကို အထောက်အကူပြုသည့် ပတ်ဝန်းကျင်၊ သင်ကြားမှု ပုံစံစနစ်၊ သင်ယူသူများ၏ စိတ်အားထက်သန်မှုစသည့် အဓိကအကြောင်းအချက်တို့နှင့် ကောင်းမွန်ပြည့်စုံရန် လိုအပ်ပါကြောင်း၊

ယခု သင်ရိုးညွှန်းတမ်းကိုလည်း ရေးဆွဲပြီးစီးရုံမျှဖြင့် ကျေနပ်နှစ်သိမ့်မနေဘဲ လက်တွေ့သင်ကြားပြီး တစ်နှစ်အကြာ၌ သင်ယူသူ သင်တန်းသူများအပါအဝင် တာဝန်ရှိသူများထံမှ အမြင်များ၊ အကြံဉာဏ်များရယူကာ ပိုမိုကောင်းမွန်ပြည့်စုံစေရန် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊

သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော သင်ခန်းစာအလိုက် သင်ကြားမည့်အချိန်၊ အောင်မြင်ပြီးစီးမှု သတ်မှတ်ချက်များနှင့်ပတ်သက်၍ အကြံဉာဏ်များ ဆက်လက်ပေးစေလိုပါကြောင်း၊ ယခုရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းများသည် အသစ်တက်ရောက်မည့် သားဖွားဆရာမများအတွက်ဖြစ်ပြီး ယခုအခါ Mobile Tablet များကို ဖြန့်ဝေပေးလျက်ရှိသဖြင့် အဆိုပါ Mobile Tablet များမှတစ်ဆင့် လက်ရှိလုပ်ငန်းခွင်အတွင်းရှိ သားဖွားဆရာမများ အပါအဝင် အခြေခံကျန်းမာရေး ဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် ပညာသင်ကြားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူစွာ ဆေးနှင့်ဆေးနှီးနွှယ်တက္ကသိုလ်များရှိ ဆေးပညာသင်ကြားမှု ယူနစ်များ၏ လုပ်ဆောင်မှုအခြေအနေနှင့် စွမ်းဆောင်ရည်များကိုလည်း ဆန်းစစ်သုံးသပ်၍ သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ပိုမိုအထောက်အကူပြုစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအနေဖြင့် ခြောက်လလျှင် တစ်ကြိမ်ခန့် တွေ့ဆုံ၍ သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ၊ သင်တန်းကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာဖြင့် အတွေ့အကြုံများကို ဆွေးနွေးကြစေလိုပါကြောင်း၊

ပြည်သူများကို ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရန်နှင့် ပိုမိုအရည်အသွေးမြင့်မားသော ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ နှီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများအားလုံး စုစည်းဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။




ဆက်လက်၍Johns Hopkins University မှ နှီးနွှယ် Jhpiego အဖွဲ့မှ Senior Director of Nursing and Midwifery, Dr. Peter Johnson က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခမ်းအနားအထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီးများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းတို့မှ တာဝန်ရှိသူများ၊ UNFPA နှင့် UNICEF တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ကျောက်တံခါးမြို့ ကလေးစာပေပွဲတော်၊ စာအုပ်အရောင်းဆိုင်များ၌ ဝယ်ယူသူများဖြင့် စည်ကား

**ကျောက်တံခါး အောက်တိုဘာ ၂၉**

ကျောက်တံခါးမြို့နယ် စာပေချစ်မြတ်နိုးသူများအဖွဲ့က ဦးစီးကျင်းပသော ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၂၈ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိရာ ကျောက်တံခါးမြို့နယ်နှင့် အနီးဝန်းကျင်မြို့နယ်များအတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ဒေသခံများ၊ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ ပါဝင်ဆင်နွှဲကြပြီး စာအုပ်အရောင်းဆိုင်များ၌ စာအုပ်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

စာအုပ်အရောင်းဆိုင်ခန်းများတွင် ရန်ကုန်မြို့မှ လာရောက်ရောင်းချတာများပြီး ပဲခူးမြို့မှ ငါးဆိုင်ခန့်ပါဝင်၍ စုစုပေါင်းဆိုင်ခန်း ၅၀ ခင်းကျင်းပြသထားပြီး ကလေးစာပေပွဲတော် လာရောက်ဆင်နွှဲသည့် အဌမတန်း ကျောင်းသူတစ်ဦးက "သမီးက စာပေပွဲတော်မှာ ဂိမ်းတွေလည်းဝင်ကစားခဲ့တယ်။ စာအုပ်တွေ ခင်းကျင်းရောင်းချတဲ့စာအုပ်လမ်းကို သွားပြီးတော့ ဗဟုသုတရတဲ့စာအုပ်တွေကို ဝယ်ခဲ့ပါတယ်။ စာရေးဆရာတွေ နာရီပေါင်းများစွာ ကြိုးစားရေးသားခဲ့တဲ့စာတွေကို နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း သိရှိခွင့်ရလို့ ကျောင်းစာတွေမကဘဲ အပြင်စာတွေကိုပါ ဖတ်သင့်ပါတယ်"ဟု ပြောသည်။

ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများ၊ ပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ရွှင်စရာကစားပွဲများ၊ အသိပညာပေးဟောပြောပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ စုစုပေါင်းအစီအစဉ် ၂၃ မျိုး ထည့်သွင်းကျင်းပလျက်ရှိရာ အဆိုပါပွဲတော်သို့ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲသည့် ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**ရဲမြန်မာ(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အရေးကိစ္စ

■ ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာတွင် မတူကွဲပြားမှုများအကြားတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးကို ဦးတည်ချက်ထားပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ပဋိပက္ခများ၊ တင်းမာမှုများဖြစ်ပွားခဲ့စဉ်က ရှိခဲ့ကြသည့် ရှုမြင်ချက်အဟောင်း၊ အယူအဆအဟောင်းများနှင့် ဖြေရှင်းနိုင်မည် မဟုတ်ပါ။

■ ယနေ့ (၂၁)ရာစု ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ် Globalization နှင့် လိုက်လျောညီထွေဖြစ်မည့် ချဉ်းကပ်မှုအသစ်၊ ရှုမြင်ချက်အသစ်၊ ဒေသအမြင်၊ ကမ္ဘာ့အမြင်များနှင့် လိမ္မာပါးနပ်စွာ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ တရားမျှတမှု မရှိသည့် စိန်ခေါ်မှုများ၊ တစ်ဖက်သတ် ဖိအားပေးစိန်ခေါ်မှုများကို ပြည်သူတို့၏ ညီညွတ်မှုအင်အားနှင့် စုပေါင်းရင်ဆိုင် ကျော်လွှားသွားမည် ဖြစ်ပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

* ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပုံနှင့် တာဝန်ရှိသူများနှင့်အတူ ကိုကိုးကျွန်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ထိန်းသိမ်းဆောင်ရွက်

ယင်းနောက် နယ်မြေခံရေတပ်စခန်း အစည်းအဝေးခန်းမတွင် ရေတပ်စခန်းမှူးက နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ နယ်မြေဒေသလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အမြန်ဆုံးကူညီ

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းနေ ဒေသခံပြည်သူများအား တပ်မတော်လေယာဉ်၊ ရေယာဉ်များနှင့် ပို့ဆောင်ပေးရာတွင် လိုအပ်ချက်အတိုင်း ပို့ဆောင်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ပါက အမြန်ဆုံးကူညီနိုင်ရေးဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

### ပို့ဆောင်ရောင်းချ

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုးတက်မှုများကို တွေ့မြင်ရသော်လည်း ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ပေးနေရုံဖြင့် မလုံလောက်ဘဲ ဒေသခံပြည်သူများကလည်း မိမိတို့နယ်မြေဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုစိတ်ရှိရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရမည်ဖြစ်ပြီး ထွက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများသည်လည်း အရည်အသွေးပြည့်မီရန်လိုကြောင်း၊ ဈေးကွက်လည်းရရမည်၊ အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အုန်းထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်သည့် ထုတ်ကုန်များ သယ်ယူပို့ဆောင်ရောင်းချနိုင်စေရေးအတွက် နယ်မြေခံတပ်မှ ဦးဆောင်ပံ့ပိုးကူညီစီစဉ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်သည်။ ထို့နောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေမှုအခြေအနေများနှင့် ကျောင်း၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

### တွေ့ဆုံ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E. Mr. Haydar Kerem Divanlioglu နှင့် ဇနီးတို့က ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

# (၉၅) နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

(၉၅) နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Sule Shangri-La Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဇနီး ဒေါ်ခင်သန်းနွဲ့တို့ တက်ရောက်ကြသည်။

### စတင်ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တူရကီသမ္မတနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

### နှုတ်ခွန်းဆက်စကား ပြောကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Haydar Kerem Divanlioglu နှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က (၉၅) နှစ်မြောက် တူရကီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### တည်ခင်းဧည့်ခံ

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဂျပန်ဖလား ကရာတေးပြိုင်ပွဲ အသင်းပေါင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် ဂျပန်သံရုံးတို့ ပူးပေါင်း၍ (၉) ကြိမ်မြောက် ဂျပန်ဖလားကရာတေးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်ဆန်းအားကစားပြိုင်ပွဲရုံ မိုးလုံလေလုံခန်းမ၌ ကျင်းပရာ လူငယ်ကစားသမားများအပါအဝင် အသင်းပေါင်း ၃၁ သင်း ပါဝင်ကစားကြကြောင်း သိရသည်။

“ကရာတေးဒို အားကစားဆိုတာ ဂျပန်က စတဲ့ အားကစားနည်းဖြစ်ပါတယ်။ ဒီအားကစားနည်းက ဂျပန်နိုင်ငံမှာ လူကြိုက်များတဲ့ အားကစားနည်းလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ ကရာတေးအားကစားနည်း ပြန့်ပွားလာအောင် ဂျပန်သံရုံးနဲ့ မြန်မာနိုင်ငံ ကရာတေးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး နှစ်စဉ်ကျင်းပလာခဲ့ရာမှာ ဒီနှစ်တော့ ကိုးကြိမ်မြောက် ရှိသွားပါပြီ။ မြန်မာနိုင်ငံမှာ ကရာတေးဒိုအားကစားနည်း တိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ပူးပေါင်းပါဝင်ကူညီပေးသွားမှာ ဖြစ်ပါတယ်” ဟု ဂျပန်သံအမတ်ကြီး မစ္စတာ အီချိရော့မာရု ယာမကက ပြောသည်။

အဆိုပါ ဂျပန်ဖလား ကရာတေးပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် ကျား/မ ခတနှင့်ကုမိတဲ့ ပြိုင်ပွဲများ၊ အသက် ၁၄ နှစ်အောက် ကျား/မ ခတ နှင့် ကုမိတဲ့ ပြိုင်ပွဲများ၊ ဝိတ်တန်းအလိုက် အမျိုးသမီးနှင့် အမျိုးသားပြိုင်ပွဲများပါဝင်ပြီး အောက်တိုဘာ ၃၀ ရက်အထိ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်ကာ ဝင်ရောက်ယှဉ်ပြိုင်သူ အားကစားသမားပေါင်း ၄၀၀ ခန့်ရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အဓိကအားဖြင့် အခြေခံပညာကျောင်းများနှင့် ကရာတေးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိရာ ထူးချွန်သော ကရာတေးကစားသမားများကို ဒီဇင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်တို့တွင် နေပြည်တော်၌ ကျင်းပမည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**




**အောင်ဆန်းအားကစားပြိုင်ပွဲရုံဝင်း မိုးလုံလေလုံခန်းမ၌ ဂျပန်ဖလား ကရာတေးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တက္ကသိုလ်၊ ကောလိပ်များတွင် သုတေသနရပ်ဝန်းကောင်းများ ဖြစ်ထွန်းပေါ်ပေါက်ရေး

Dr. အောင်အောင်မင်း-ပါမောက္ခချုပ်(ငြိမ်း)

**သုတေသနဆိုတာ**

သုတေသနဆိုတာ ဖြစ်ပြီးခဲ့တဲ့ အကြောင်းအရာတွေကို ပြန်လည်လေ့လာဖော်ထုတ်ဆင်ခြင်ပြီး လူ့အဖွဲ့အစည်းတွေအတွက် အကျိုးရှိမယ့် နည်းလမ်းသစ်တွေကို တီထွင်ကြံဆခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုတာ မှတ်သားဖူးပါတယ်။ သုတေသနရဲ့ အဓိကလုပ်ငန်းဆိုတာ ကြောင်းကျိုးဆက်စပ်မှုနဲ့ ဆိုင်ပါတယ်။ ဗုဒ္ဓရဲ့ တရားဓမ္မမှာလည်း အရာရာတိုင်းဟာ ကြောင်းကျိုးဆက်စပ်မှု သဘောတရားအတိုင်းသာ ဖြစ်ပျက်နေကြတယ်လို့ ဆိုထားတဲ့အတွက် ဒီအချက်ကို ရှာဖွေဖော်ထုတ်တင်ပြခြင်းဟာ သုတေသနရဲ့ အဓိကလုပ်ငန်းလို့ ဆိုနိုင်ပါတယ်။ ဘယ်လိုနယ်ပယ်ကဏ္ဍမဆို အကြောင်းကို စေ့စပ်သေချာစွာ နားလည်အောင်လေ့လာခြင်းဟာ သုတေသနလုပ်ငန်းတိုင်းရဲ့ပထမ ရည်ရွယ်ချက်ဖြစ်ပြီး အကျိုးတရားကို ဆက်စပ်ဖော်ထုတ်ကာ စနစ်တကျတင်ပြခြင်းဟာ သုတေသနရဲ့ ဒုတိယရည်ရွယ်ချက်ပါ။ သုတေသနလုပ်ငန်းတိုင်းမှာ ဒီရည်ရွယ်ချက်နှစ်ခုဟာ ခွဲခြားလို့မရပါဘူး။ ပညာရေးကဏ္ဍဟာ နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောပမာ အရေးကြီးသလို သုတေသနဆိုတာကလည်း တက္ကသိုလ်၊ ကောလိပ်တွေမှာ အသက်တမျှ အရေးပါပါတယ်။ တက္ကသိုလ်၊ ကောလိပ်တွေမှာ သင်ကြားရေးသက်သက် သင်ကြားပို့ချလို့မရဘဲ သင်ကြားရေးနဲ့ သုတေသန ဟန်ချက်ညီမှသာလျှင် ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်မှာ အမှန်ပါပဲ။

**တိမ်မြုပ်သွားတဲ့ သုတေသနရပ်ဝန်း**

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးမရမီ ဗြိတိသျှကိုလိုနီ လက်အောက်တုန်းက မြန်မာနိုင်ငံသုတေသနအသင်းကြီး ပေါ်ပေါက်ခဲ့ဖူးပါတယ်။ မြန်မာ့ပညာရေးကို တန်ဖိုးထားလေးစားတဲ့ ဗြိတိသျှအရာရှိကြီး ဂျေအက်စ်ဖာနီဗယ်နဲ့ မြန်မာပညာရှင်တွေ ဦးဆောင်ပြီး ဒီအသင်းကြီးကို ထူထောင်ခဲ့ကြတာပါ။ သုတေသနအသင်းကြီးက ထုတ်ဝေခဲ့တဲ့ မြန်မာသုတေသနဂျာနယ်တွေဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ပညာရပ်နယ်ပယ်မျိုးစုံ၊ ရှုထောင့်မျိုးစုံက သုတေသနပြုတဲ့ သုတေသနစာတမ်းတွေမို့ အရည်အသွေးမြင့်ပါတယ်။ မြန်မာနိုင်ငံသာမက နိုင်ငံတကာက မှီငြမ်းကိုးကားရလို့ ကမ္ဘာကလေးစားခဲ့ရတဲ့ မြန်မာ့ဂုဏ်ဆောင် သုတေသနဂျာနယ်ကြီး ဖြစ်ခဲ့တာပါ။

သို့ပေမယ့် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရတက်လာတော့ နိုင်ငံခြားသားတည်ထောင်တဲ့ အသင်းဆိုတဲ့ အကြောင်းပြချက်နဲ့ ဖျက်သိမ်းပစ်ခဲ့ပါတယ်။ သုတေသနဂျာနယ် ထုတ်ဝေမှုတွေလည်း ရပ်ဆိုင်းခဲ့ရပြီး သုတေသနလုပ်ငန်းတွေ အရှိန်တန့်သွားခဲ့ရတယ်။ ၁၉၆၆ ခုနှစ်မှာ တက္ကသိုလ်က ပညာရှင်ဆရာကြီးတွေက တက္ကသိုလ်ပညာ ပဒေသာစာစောင်ကို ဝိဇ္ဇာနဲ့ သိပ္ပံဘာသာရပ်ခွဲပြီး ထုတ်ဝေခဲ့ပါတယ်။ ဒီသုတေသနစာစောင်တွေကြောင့် သုတေသနလုပ်ငန်းတွေ အတိုင်းအတာ တစ်ခုအထိ ဖွံ့ဖြိုးလာခဲ့ပြန်ပါတယ်။ သို့သော်လည်း တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနကို ဦးဆောင်ခဲ့တဲ့ ဆရာကြီး မင်းသုဝဏ်အပေါ် အမြင်မကြည်တာနဲ့ တက္ကသိုလ်ပညာပဒေသာ စာစောင်ရပ်ဆိုင်းခံရပြီး တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန တိမ်မြုပ်သွားခဲ့ရတာ ယနေ့အထိတိုင်ပါပဲ။

**သုတေသနစာတမ်းဖတ်ပွဲများ ပိတ်ပင်ခံရ**

ပညာရေးမှာ ပိုပြီးဆိုးတဲ့ အခြေအနေတွေ ဆက်ဖြစ်လာခဲ့ပြန်တယ်။ ၁၉၆၆ ခုနှစ်ကစခဲ့တဲ့ မြန်မာနိုင်ငံ သုတေသနကွန်ဂရက် စာတမ်းဖတ်ပွဲကြီးတွေကို နှစ်စဉ်ရန်ကုန်တက္ကသိုလ် ပရဝဏ်ထဲမှာ ပြုလုပ်ခဲ့တာပါ။ သုတေသနဆွေးနွေးကြတဲ့ အသံတွေ စည်စည်ညံညံ ကြားခဲ့ရတာ စိတ်လှုပ်ရှား အားတက်ခဲ့ဖူးပါတယ်။ သိပ္ပံဘာသာရပ်နဲ့ ဝိဇ္ဇာဘာသာရပ် ပေါင်းစုံအပြင် ဘာသာဗေဒနှင့် ယဉ်ကျေးမှုပညာရပ်စာတမ်းဖတ်ပွဲတွေလည်း ပါဝင်ပါတယ်။ သို့သော်လည်း ၁၉၈၀ ပြည့်နှစ်ရောက်တော့ ရပ်ဆိုင်းပစ်ခဲ့လို့ မြန်မာနိုင်ငံ သုတေသနစာတမ်းဖတ်ပွဲကြီးလည်း နိဂုံးတံခဲ့ရပါတယ်။ သုတေသနကို နှစ်ပေါင်းများစွာ လျစ်လျူရှုခံခဲ့ရလို့ တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ သုတေသနရပ်ဝန်း ကွယ်ပျောက်ခဲ့ရတာ နိုင်ငံအတွက် များစွာဆုံးရှုံးနစ်နာခဲ့ရတာပါ။

**သုတေသနမှာ အရေးအတွက်လား၊ အရည်အချင်းလား**

နှစ်ပေါင်းငါးဆယ်ကျော် အစိုးရအဆက်ဆက် တာဝန်ယူခဲ့ရာမှာ ပညာရေးကဏ္ဍအရောင်မှိန်ခဲ့ရပြီး သုတေသနရပ်ဝန်းကောင်းလည်း ပျောက်ဆုံးသွားခဲ့ရပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်မှာ သင်ကြားရေးကိုပဲ ဦးစားပေးတဲ့ တက္ကသိုလ်၊ ကောလိပ်တွေ တိုင်းနဲ့ ပြည်နယ်အနှံ့ ရာဂဏန်းအထိ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြန်ပါတယ်။ တက္ကသိုလ်တွေများလာပေမယ့် အများစုဟာ နိုင်ငံတကာစံချိန်၊ စံညွှန်းမမီကြတော့ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်နေတာ အားလုံးအမြင်အသိပါပဲ။ မြန်မာတစ်နိုင်ငံလုံးမှာ ရေတွက်ကြည့်လျှင် ရန်ကုန်တက္ကသိုလ်ကဦးစီးတဲ့ တက္ကသိုလ်များ သုတေသနဌာနတစ်ခုတည်းသာ ရှိတာပါ။ ဒီသုတေသနဌာနကလည်း သုတေသနရန်ပုံငွေ အကန့်အသတ်နဲ့ ရပ်တည်ရတာမို့ သုတေသနဖွံ့ဖြိုးတိုးတက်မှု နှေးကွေးပါတယ်။ နိုင်ငံတကာ အဆင့်မီဖို့ လိုအပ်ချက်တွေ၊ ဖြည့်ဆည်းရမှာတွေ များနေဆဲပါ။ အခြားတက္ကသိုလ်၊ ကောလိပ်တွေမှာ သိပ္ပံသုတေသနဓာတ်ခွဲခန်းတွေရှိပေမယ့် ဓာတ်ခွဲခန်း အဆင့်မမီခြင်း၊ လိုအပ်တဲ့ ပစ္စည်းကိရိယာနဲ့ ဓာတုပစ္စည်း မပြည့်စုံခြင်း၊ လျှပ်စစ်စွမ်းအား ပုံမှန်မရခြင်း၊ အချိန်ပြည့် သုတေသနမလုပ်နိုင်ခြင်း၊ ကျွမ်းကျင်တဲ့ ဓာတ်ခွဲခန်းလက်ထောက်များမရှိခြင်း၊ ဆရာ ဆရာမ အများစု သုတေသနစိတ်ဓာတ် ပြင်းပြမှုမရှိခြင်း၊ သုတေသနထောက်ပံ့ကြေး မလုံလောက်ခြင်းစတဲ့ အချက်တွေကြောင့် ထိရောက်၊ အကျိုးပြုတဲ့ သုတေသနတွေ မဆောင်ရွက်နိုင်ကြတာ ဖြစ်ပါတယ်။

ရန်ကုန်နဲ့ မန္တလေး တက္ကသိုလ်တွေလို သမ္မာရင့်တက္ကသိုလ်ကြီးတွေမှာလည်း ဘာသာရပ်ဌာနအားလုံးနီးပါးက အချိန်တိုအတွင်း မဟာဘွဲ့၊ ပါရဂူဘွဲ့တွေ ရနိုင်တဲ့ နူးလွယ်၊ နပ်လွယ် သုတေသနမျိုးတွေပဲ လုပ်နေကြတာတွေ့ရပါတယ်။ တချို့ သုတေသနတွေဆိုရင် Specimen သာကွာခြားပြီး ရည်ရွယ်ချက်အကြောင်းအရာ၊ လုပ်နည်းလုပ်ဟန်တစ်ပုံစံတည်းဖြစ်နေတဲ့ ကော်ပီသုတေသနတွေပဲ များနေတာပါ။ ကျွန်တော်တို့ မဟာသိပ္ပံကျောင်းသားဘဝ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ဆရာကြီး ဆရာမကြီး အများစုက နိုင်ငံခြားပြန် ဒေါက်တာဘွဲ့ရတဲ့ ပါရဂူတွေမို့ အရည်အချင်းရော အတွေ့အကြုံပါများပါတယ်။ Candidate ကျောင်းသားအရေအတွက်နည်းပြီး မတူကွဲပြားတဲ့ သုတေသနတွေ လုပ်နိုင်ခဲ့တာပါ။ မဟာဘွဲ့အတွက် အရည်အချင်းစစ်ရော ကျမ်းပြုတာပါ အနည်းဆုံး လေးနှစ်မှ ငါးနှစ်အထိ ကြိုးပမ်းခဲ့ကြရတာပါ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ပညာရေးအရည်အသွေးကျဆင်းလာပြီး ကျမ်းမပြုရဘဲ မဟာဘွဲ့တွေ လွယ်လွယ်နဲ့ရသလို ပါရဂူဘွဲ့အတွက် ခြောက်လမှ တစ်နှစ် လုပ်ရုံနဲ့ ဘွဲ့ပေးတယ်ဆိုတော့ "တွေ့သမျှလူ ပါရဂူ"တွေ ဖြစ်ကုန်ကြတာ မဆန်းပါဘူး။ တချို့ သုတေသနတွေဆိုရင် လုပ်ပြီးသားကို ထပ်လုပ်ကြတော့ အရေအတွက်ပဲ များလာပြီး အရည်အချင်းကတော့ နတ္ထိပါပဲ။ ဒီလို မည်ကာမတ္တ သုတေသနတွေ လုပ်နေကြလို့လည်း သုတေသနရပ်ဝန်းကောင်း ဖြစ်ထွန်းမလာတာ ဖြစ်ပါတယ်။ ဆရာ ဆရာမ အများစုကလည်း သင်ကြားရေးနဲ့ အထွေထွေတာဝန်တွေမှာ ပိနေတာရယ်၊ သုတေသနအတွက် ငွေကြေး၊ ပစ္စည်းကိရိယာ ပံ့ပိုးမှုအားနည်းတာရယ်၊ ရာထူးတိုးဖို့ပဲ စိတ်အားသန်နေကြတာတွေကြောင့် သုတေသနအပေါ် အာရုံမထားကြတာလို့ သုံးသပ်မိပါတယ်။

**သုတေသနရပ်ဝန်းကောင်းဆိုတာ**

တက္ကသိုလ်တွေမှာ သင်ကြားရေးနဲ့ သုတေသန ပတ်ဝန်းကျင်ကောင်းတစ်ခု ရှိဖို့ အရေးကြီးပါတယ်။ ပထမဆုံးအချက်က ပညာရေးလွတ်လပ်ခွင့်ဆိုတာ ရှိရမယ်။ ဆိုလိုတာက လွတ်လပ်စွာ တွေးတောခွင့်၊ လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်၊ လွတ်လပ်စွာ လုပ်ကိုင်ခွင့် စတာတွေရှိဖို့ လိုအပ်ပါတယ်။ ဒဿနပညာရှင်ကြီး ဘာထရန်ရပ်ဆဲက "ဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ အတွေးအမြင်ရဲ့ လွတ်လပ်ခွင့်အပေါ် မူတည်တယ်"လို့ ပြောကြားခဲ့တာပါ။ သုတေသနရပ်ဝန်းကောင်းတစ်ခုဖြစ်လာဖို့ လိုအပ်တဲ့အကြောင်းတရားတွေ များစွာရှိပါတယ်။ ဒါတွေ ဖြည့်ဆည်းဖို့ဆိုတာ ဆယ်စုနှစ်တစ်ခုလောက် အချိန်ယူရမှာပါ။

ကျွန်တော် ဉာဏ်မီသလောက်ပြောရရင် တက္ကသိုလ်တိုင်းမှာ ခေတ်မီပစ္စည်းကိရိယာ အစုံအလင်ရှိတဲ့ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းတွေ၊ ခေတ်မီအိုင်တီနဲ့ ကွန်ပျူတာဌာနတွေ၊ သင်ကြားရေးနဲ့ သုတေသန အထောက် အကူပြု ခေတ်မီစာအုပ်၊ စာတမ်း၊ မှီငြမ်းကျမ်းတွေ ဖြည့်ဆည်းပေးထားတဲ့ e-Library တွေ၊ နှစ်တို၊ နှစ်ရှည် သုတေသနလုပ်ငန်းတွေအတွက် လုံလောက်တဲ့ သုတေသနဘတ်ဂျက်ရန်ပုံငွေတွေ၊ ဘာသာရပ်အလိုက် သုတေသနအသင်းနဲ့ ကလပ်တွေ၊ ၂၄ နာရီ လျှပ်စစ်စွမ်းအင်ရဖို့တွေ၊ ပြည်တွင်းတက္ကသိုလ်အချင်းချင်း သုတေသနပူးပေါင်းဆောင်ရွက်မှုတွေ၊ ပြည်ပတက္ကသိုလ်များ၊ သုတေသနအင်စတီကျူးရှင်းများနဲ့ ချိတ်ဆက်ပူးပေါင်း လုပ်ဆောင်မှုတွေ၊ တက္ကသိုလ်များနဲ့ ပြည်တွင်းစီးပွားရေးကုမ္ပဏီများ၊ ပြည်ပအဖွဲ့အစည်းများနဲ့ အကျိုးတူပူးပေါင်းပြီး အသုံးချသုတေသနများ ဆောင်ရွက်မှုတွေ၊ ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံခြားပညာ တော်သင် အခွင့်အလမ်းဖန်တီးမှုတွေ၊ နှစ်စဉ်သုတေသနစာတမ်းဖတ်ပွဲများနှင့် သုတေသနအလုပ်ရုံဆွေးနွေးပွဲတွေ၊ သုတေသန စာစောင်နှင့် ဂျာနယ် များ နိုင်ငံတကာအဆင့်မီထုတ်ဝေမှုတွေ၊ နိုင်ငံအကျိုးပြု သုတေသနပညာရှင် ဆရာ ဆရာမများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးမှုစတဲ့ အကြောင်းအရာတွေ လက်တွေ့အကောင်အထည်ဖော်နိုင်ပြီဆိုရင် သုတေသနရပ်ဝန်းကောင်း တစ်ခုဖြစ်ထွန်းလာမှာ မလွဲအမှန်ပါ။

**သုတေသနလမ်းညွှန်**

၂၀၁၈ ခုနှစ် ပညာရေးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့နိုင်ငံနဲ့ ကိုက်ညီတဲ့၊ ဘာသာရပ်တွေနဲ့ ကိုက်ညီတဲ့ ကိစ္စရပ်တွေကို အထူးအလေးပေး သုတေသနလုပ်ပေးစေချင်ပါတယ်။ ဒါမှလည်း ကျွန်မတို့ လက်တွေ့ကျကျ တိုးတက်မယ့် သုတေသနလုပ်ဖို့ အထောက်အကူပစ္စည်းတွေ အများကြီးလိုတယ်ဆိုတာ ထူးထူးထွေထွေ ပြောစရာမလိုပါဘူး။ ဒီကိစ္စမှာ ပုဂ္ဂလိက စီးပွားရေးကလည်း ပါဝင်ပတ်သက်နိုင်တယ်ဆိုတာ သတိပေးချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ သုတေသနနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက ပံ့ပိုးပေးတာ အများကြီးရှိတယ်။ ဒီလိုပဲ ပံ့ပိုးမှုတွေရအောင် လုပ်ရမယ်။ ကျွန်မတို့နိုင်ငံ အနာဂတ်အတွက် ရှန်းကန်တဲ့အလေ့အကျင့်ကို အုတ်မြစ်ချပေးရမယ်။ ဒါလည်း အဆင့်မြင့်ပညာအတွက် အရေးကြီးတဲ့ကိစ္စရပ်တစ်ခု ဖြစ်တယ်"လို့ လမ်းညွှန်မှာကြားခဲ့တာကို သတိချပ်ဖို့ လိုပါတယ်။

**သုတေသနရပ်ဝန်းကောင်းဖြစ်ထွန်းရေး**

မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်ကစပြီး တံခါးပိတ်ဝါဒကျင့်သုံးခဲ့လို့ ရန်ကုန်တက္ကသိုလ်နဲ့ အခြားတက္ကသိုလ်၊ ကောလိပ်အားလုံး အထီးကျန်ဘဝရောက်ခဲ့ပြီး နိုင်ငံတကာ ပညာရပ်အသိုင်းအဝိုင်း၊ တက္ကသိုလ်၊ အင်စတီကျူးရှင်းများနဲ့ အဆက်ပြတ်ခဲ့ရပါတယ်။ ဒီမိုကရေစီအစိုးရလက်ထက်မှာ နိုင်ငံတကာ တက္ကသိုလ်များ၊ သုတေသနအင်စတီကျူးရှင်းများနှင့် MoU ထိုးပြီး ပညာရေးနဲ့ သုတေသနပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ဆောင်နေတာ အားတက်စရာပါပဲ။ တက္ကသိုလ်၊ ကောလိပ်တွေက ထူးချွန်တဲ့ ဆရာ ဆရာမများကို ပညာရပ်ဆိုင်ရာလေ့လာမှုအတွက် လေ့လာရေးအဖွဲ့များစေလွှတ်ပြီး ပြည်ပတက္ကသိုလ်များကို စေလွှတ်သင့်ပါတယ်။ ထို့အတူ နိုင်ငံတကာ သုတေသနညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကိုလည်း ဘာသာရပ်အလိုက် အလှည့်ကျစေလွှတ်ပေးဖို့ လိုပါတယ်။ ဘွဲ့လွန်ကျောင်းသားကျောင်းသူတွေကိုလည်း ပြည်ပတက္ကသိုလ်တွေမှာ သုတေသနဆောင်ရွက်ဖို့ ပညာတော်သင်အဖြစ် နှစ်စဉ် စေလွှတ်သင့်ပါတယ်။ အာဆီယံနိုင်ငံများအချင်းချင်း ဘွဲ့ကြိုကျောင်းသားများဖလှယ်ရေးအစီအစဉ်နှင့် ပညာသင်ကြားစေတဲ့ အစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်ဖို့ အကြံပြုချင်ပါတယ်။

အရေးအကြီးဆုံးအချက်က တက္ကသိုလ်၊ ကောလိပ်မှာရှိတဲ့ ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူတွေဟာ သုတေသနဘက်မှာ အရှုံးအမူးဖြစ်ဖို့ပါပဲ။ သုတေသနလုပ်မယ့်သူဟာ ဇွဲ၊ လုံ့လ၊ သတ္တိရှိပြီး စိတ်ရှည်သည်းခံ စနစ်မှန်ဖို့ရယ်၊ ကိုယ့်ရဲ့ သုတေသနထဲမှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး လုပ်နိုင်ဖို့ အရေးကြီးပါတယ်။ နောက်တစ်ချက်က တက္ကသိုလ်ရဲ့ ပညာရပ်သုတေသနတွေကို နိုင်ငံနဲ့ စီးပွားရေးလုပ်ငန်းရှင်များရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီအောင် အသုံးချသုတေသနမျိုးတွေ ဦးစားပေးလုပ်ဖို့ လိုပါတယ်။ ဒါမှလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များက ငွေကြေးပံ့ပိုး ဖြည့်ဆည်းပေးအောင် ဆွဲဆောင်နိုင်မှာပါ။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးကို မဖြစ်မနေဆောင်ရွက်မှသာ သုတေသနတွေ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ အစိုးရကိုချည်း အားကိုးနေလို့ မရပါဘူး။ နိုင်ငံတကာတက္ကသိုလ်ကြီးတွေဟာ autonomous တက္ကသိုလ်တွေ ဖြစ်ကြလို့ ကိုယ့်အားကိုယ်ကိုးပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်နေတာ အတုယူရမှာပါ။ နိုင်ငံတော်အစိုးရကလည်း သုတေသနတွေ လွတ်လပ်စွာ ဆောင်ရွက်နိုင်ဖို့နဲ့ ကိုယ့်အားကိုယ်ကိုးနိုင်ဖို့ တက္ကသိုလ်၊ ကောလိပ်တွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးဖို့ အကြံပြုချင်ပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံရဲ့ တက္ကသိုလ်၊ ကောလိပ်တွေမှာ သုတေသနရပ်ဝန်းကောင်းတွေ ထူထောင်နိုင်လာရင် နိုင်ငံနဲ့ပြည်သူ့အကျိုးပြု အသုံးချသုတေသနကောင်းတွေ ပေါ်ထွက်လာမှာပါ။ ဒါ့အပြင် အရည်အချင်းမြင့်မားတဲ့ သုတေသနပညာရှင်တွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ တက္ကသိုလ်သုတေသနများ ဖွံ့ဖြိုးတိုးတက်လာလျှင် ပညာရေးအဆင့်မြင့်မားလာပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း။ ။

**"တက္ကသိုလ်၊ ကောလိပ်တွေမှာ သုတေသနရပ်ဝန်းကောင်းတွေ ထူထောင်နိုင်လာရင် နိုင်ငံနဲ့ ပြည်သူ့အကျိုးပြု အသုံးချသုတေသနကောင်းတွေ ပေါ်ထွက်လာမှာပါ။ ဒါ့အပြင် အရည်အချင်း မြင့်မားတဲ့ သုတေသနပညာရှင်တွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ တက္ကသိုလ်သုတေသနများ ဖွံ့ဖြိုးတိုးတက်လာလျှင် ပညာရေးအဆင့်မြင့်မားလာပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း"**

# လှမ်းခဲ့စေချင် တောင်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်တစ်ခွင်

## စိုင်းဇော်လတ်(လင်းခေး)

နိုဝင်ဘာလ၏ အေးမြမြဆောင်းညနှင့်အတူ ဝေဟင်ထက် ဝဲပျံတက်နေသည့် စိန်နားပန်မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံတို့မှဖြာထွက်လျက်ရှိသော ရောင်စုံမီးရှူးမီးပန်းအလှများကား တန်ဆောင်မုန်းလ၏ ညတစ်ညကို လှပစေသကဲ့သို့ ကြည့်ရှုရသူတို့ ရင်သပ်ရှုမောအံ့ဩမဆုံးပင် ဖြစ်နေပေတော့သည်။

နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ် တောင်ကြီးမြို့၏အထင်ကရ တန်ဆောင်တိုင်ပွဲတော်ကို လာမည့် နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဆယ်ရက်တိုင်တိုင် တောင်ကြီးမြို့ အဝေရာကုန်းမြင့်သာယာမီးပုံးပျံပြိုင်ပွဲကွင်းကြီးတွင် စည်ကားသိုက်မြိုက်စွာဖြင့် ဆင်ယင်ကျင်းပတော့မည်ဖြစ်သည်။

၁၈၅၃ ခုနှစ် တောင်ကြီးမြို့ ကတ်တဲပွဲမှ စတင်လာခဲ့သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲဖြစ်ပေါ်လာရခြင်း သမိုင်းကြောင်း၌ ဖော်ပြပါရှိသည်။

ရှေးရိုးအစဉ်အလာမပျက် တောင်ကြီးမြို့ရှိ တိုင်းရင်းသားများ စုပေါင်းကျင်းပသော တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ဘုံကထိန်ဆင်ယင်ကာ မြို့လုံးကျွတ် နွှဲပျော်ကျင်းပသည်။ မသိုးသင်္ကန်း ရက်လုပ်ကြသည်။ မီးပဒေသာ လှည့်လည်ပူဇော်ပွဲကျင်းပကြသည်။ အဝေရာကုန်းမြင့်သာယာမီးပုံးပျံပြိုင်ပွဲကျင်းပသည့် ကွင်းကြီးတွင် နေ့ခင်းအရုပ်များ လွှတ်တင်ကြခြင်းနှင့် အဆိုပါဖွင့်ပွဲညမှစတင်ကာ စိန်နားပန်မီးပုံးပျံနှင့် ညမီးကြီးမီးပုံးပျံတို့ကို ပြိုင်ပွဲဝင်လွှတ်တင်ကြသည်။ ပွဲတော်ဖွင့်ပွဲမှသည် ပွဲဆုံးသည်အထိ အစီအစဉ်များအား အလွတ်တန်း ဓာတ်ပုံပြိုင်ပွဲ ကျင်းပပေးသည်။ တစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်များ လာရောက်ပါဝင်ရိုက်ကူး ပြိုင်ပွဲဝင်ကြသည်။

ပွဲတော်ရက်အတွင်း ပျော်ပွဲရွှင်ပွဲ၊ အကပဒေသာ၊ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်များနှင့် ဇာတ်သဘင်၊ အငြိမ့် စသည့်ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့ကြသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကုန်းမြင့်သာယာအဝေရာမီးပုံးပျံပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ မြူးတူးလှပသော တောင်ကြီးတန်ဆောင်တိုင်အဖွင့်သီချင်းဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ လှပျိုဖြူများအက၊ ရှမ်းတိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ တိုးနရားအက၊ ကိန္နရီကိန္နရာအက၊ ရှမ်းအိုးစည်အဖွဲ့ ရှမ်းရိုးရာဓားသိုင်းအကနှင့် ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာတပ်ဖွဲ့ တီးမှုတ်ခြင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင်ပွဲ၏အလှကို ပေါ်လွင်စေသော ဆီမီးအလှရောင်စုံ အလှပုံဖော်အကများက မြိုင်ဆိုင်လှသည်။

ဖွင့်ပွဲအခမ်းအနားပြီးဆုံးသည်နှင့် တစ်ဆက်တည်း မီးပုံးပျံလွှတ်တင်ပြိုင်ပွဲအား ဆက်လက်ကျင်းပသည်။ ဖွင့်ပွဲညတွင် စိန်နားပန်မီးအနည်းဆုံး နှစ်လုံးမှ လေးလုံး၊ ညမီးကြီး လေးလုံးမှ ငါးလုံးအထိ တောင်ကြီးမြို့ရှိ ရိုးရာမီးပုံးပျံပညာရှင်များနှင့် အဖွဲ့အလိုက်ပြိုင်ပွဲဝင်များက ပြိုင်ပွဲဝင်လွှတ်တင်ကြသည်။ ဖွင့်ပွဲည ရောင်စုံမီးရှူးမီးပန်းများ ဖောက်ခွဲလွှတ်တင်ခြင်း၊ အလှလွှတ် စိန်နားပန်မီး၊ ယမ်းမီးကြီးမီးပုံးပျံအကြီး၊ အငယ်များ လွှတ်တင်ခြင်းမှာ အချိန်အားဖြင့် မိနစ် ၂၀ ခန့်သာကြာမြင့်သော်ငြားလည်း ကြည့်ရှုသူတို့အတွက် ပျော်ရွှင်ကြည်နူးရှုမငြီးနိုင်ဖွယ် ဖြစ်စေသောကြောင့် နှစ်စဉ်နှစ်တိုင်း လာရောက်ကြည့်ရှုကြသူများ များပြားစည်ကားလှသည်။

ဖွင့်ပွဲညအပြီး နောက်တစ်ရက်မွန်းလွဲပိုင်းမှစတင်၍ နေ့လွှတ် ခြေနှစ်ချောင်း၊ ခြေလေးချောင်း တိရစ္ဆာန်မီးပုံးပျံအရုပ်များကို တစ်ကောင်ချင်း၊ အုပ်စုလိုက် လွှတ်တင်ပြိုင်ပွဲဝင်ကြပုံများက လာရောက်ကြည့်ရှုပါဝင်ဆင်နွှဲကြသူတိုင်း၏ရင်ဝယ် ဘဝင်နှလုံးရွှင်ပြုံးခြင်းရသများကို ခံစားရရှိစေသည်။

### စာပေဆိုင်ရာပြိုင်ပွဲများပါဝင်

အစဉ်အလာမပျက် ကျင်းပခဲ့သည့် နှစ်စဉ် ပွဲတော်အစီအစဉ်များအပြင် ယခုနှစ်တွင် စာပေဆိုင်ရာပြိုင်ပွဲအား ဖြည့်စွက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၎င်းစာပေရေးသားပြိုင်ပွဲတွင် ဝတ္ထု၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးတို့ကို ရေးသားပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ပြန်ကြားရေး၊ မှတ်တမ်းတင်ရေး၊ ပွဲတော်ဖိတ်ကြားရေးနှင့် ပြပွဲပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ပြန်ကြားရေး၊ မှတ်တမ်းတင်ရေး၊ ပွဲတော်ဖိတ်ကြားရေးနဲ့ ပြပွဲပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအနေနဲ့ ဒီနှစ် တောင်ကြီးမြို့ရဲ့ အစဉ်အလာ တန်ဆောင်တိုင်ပွဲကြီးမှာ မြို့လုံးကျွတ်စုပေါင်းဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင်ပွဲ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲနဲ့ တောင်ကြီးသားတို့ရဲ့ ရိုးရာဓလေ့မီးပုံးပျံလွှတ်တင်ပြိုင်ပွဲတွေအပြင် စာပေဆိုင်ရာရေးသားပြိုင်ပွဲကို ထည့်သွင်းတိုးမြှင့် ကျင်းပပေးသွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပွဲတော်နဲ့ပတ်သက်တဲ့ သမိုင်းအထောက်အထားတွေ အခိုင်အမာဖြစ်ပေါ်လာစေဖို့နဲ့ အများပြည်သူနဲ့ ပြည်တွင်း၊ ပြည်ပခရီးသွား နိုင်ငံတကာဧည့်သည်တွေက ရှမ်းပြည်နယ် တောင်ကြီးမြို့ တိုင်းရင်းသားများ စုပေါင်းအားနဲ့ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပရခြင်းကို သိရှိစေလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ထည့်သွင်းကျင်းပပေးရခြင်း ဖြစ်ပါတယ်" ဟု အဆိုပါကော်မတီမှ တာဝန်ရှိသူက ပြောသည်။

"တောင်ကြီးတန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးမှာ လာရောက်အပန်းဖြေလေ့လာကြသူတွေက ထူးခြားဆန်းပြားတဲ့ မီးပုံးပျံတွေ လွှတ်တင်ပြိုင်ပွဲဝင် ပျော်ရွှင်ကြည်နူးနေတဲ့သူတွေကိုမြင်တွေ့ရတဲ့အခါ သူတို့ကိုယ်တိုင်လည်း ပြိုင်ပွဲဝင်များနဲ့အတူ တပျော်တပါး ကခုန်ပျော်မြူးကြရတဲ့ ပွဲတော်ကြီးဆိုရင်လည်း မှားမယ်မထင်ပါဘူး။ ယမ်းမီးကြီး၊ ညလွှတ် စိန်နားပန်၊ နေ့လွှတ်အရုပ် အရေအတွက် တစ်နှစ်နဲ့တစ်နှစ်တော့ အနည်းငယ်ကွာခြားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ပြိုင်ပွဲဝင် မီးပုံးပျံပွဲအစမှ ပွဲပြီးသည်အထိ ယမ်းမီးကြီး အလုံး ၆၀ နှင့်အထက် ရှိသည်။ စိန်နားပန်အလုံး ၄၀ ခန့်နှင့် နေ့လွှတ်အရုပ်များ အနည်းဆုံး အကောင်ရေ အလုံး ၁၅၀၊ ၂၀၀ နှင့်အထက် ဝင်ရောက်ယှဉ်ပြိုင် လွှတ်တင်လေ့ရှိကြသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

### မီးပုံးပျံများလွှတ်တင်ပြိုင်ကြရာတွင်

မီးပုံးပျံများကိုလွှတ်တင်ကြရာတွင် လေငြိမ်သော အချိန်အခါမျိုး၌ ရွေးချယ်၍ လွှတ်တင်ကြသည်။ လေသာလျှင် မီးပုံးပျံကောင်းမွန်စွာ လွှတ်တင်နိုင်သည်။ လေတိုက်နှုန်းများလျှင် မီးပုံးပျံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ ယမ်းမီးကြီးမီးပုံးပျံတစ်လုံး၏ တန်ဖိုးကုန်ကျငွေမှာ ကျပ်သိန်း လေးဆယ်ကျော်မှ ကျပ်သိန်း ၅၀ အနည်းဆုံးရှိကြောင်း၊ စိန်နားပန်မီးတစ်လုံးလျှင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၃၀ ခန့်အထိရှိကြောင်းနှင့် နေ့လွှတ်တိရစ္ဆာန်အရုပ်များမှာ အကောင်ကြီးတစ်ကောင်လျှင် အနည်းဆုံးကုန်ကျစရိတ်တန်ဖိုး ငွေကျပ် သုံးသိန်းနှင့်အထက်ရှိကြောင်း သိရသည်။

တောင်ကြီးမြို့ ပြိုင်ပွဲဝင်မီးပုံးပျံများစွာတွင် နာမည်ကြီးလူကြိုက်များသော မီးများမှာ ကမ္ဘောဇမီး၊ ဓာတ်ခဲမီး၊ တိမ်ယံမီးနှင့် ရွှေတောင်ရိုးမီး ညလွှတ်မီးကြီးနှင့် စိန်နားပန်အလှမီးများ ဖြစ်သည်။ တောင်ကြီးမြို့ တိုင်းရင်းသားတို့၏ ရိုးရာမီးပုံးပျံလွှတ်တင်ပြိုင်ပွဲသည် တိုင်းရင်းသားတို့ အချင်းချင်းစည်းလုံးညီညွတ်ခြင်းအဓိပ္ပာယ်ကို ဆောင်သည်ဟု ပြိုင်ပွဲဝင်မီးပုံးပျံဝါသနာရှင်များက ဆိုသည်။

ယမ်းခွေ၊ မီးစာတိုင်၊ အလှဆင်စက္ကူများနှင့် အခြားအသုံးပြုပစ္စည်းတို့ကို ပြည်ပနိုင်ငံမှ ထုတ်လုပ်သောပစ္စည်းများကို ဝယ်ယူအသုံးပြုကာ မီးပုံးပျံအား ပုံဖော်ပြုလုပ်ပြိုင်ပွဲဝင်ကြရကြောင်း သိရသည်။ ပြိုင်ပွဲဝင် လွှတ်တင်နေစဉ် အဆင်ပြေစွာ လွှတ်တင်နိုင်သည်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် လွှတ်တင်နိုင်ခြင်းမရှိသည့် မီးပုံးပျံများလည်းရှိသည်။ (ဥပမာ အောက်ဆွဲယမ်းခွေ အလေးချိန်မမျှတခြင်း၊ မှိုင်းတိုက်ရာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မီးလောင်ခြင်းနှင့် ကောင်းကင်သို့ ကောင်းမွန်စွာ ရောက်ရှိမသွားမီ သစ်ပင်များနှင့်ငြိခြင်း၊ ဓာတ်ကြိုးများနှင့်ငြိခြင်း၊ အခြားအရာများနှင့် ထိမိခြင်း၊ မီးရှူးမီးပန်းများ လျှင်မြန်စွာ ပေါက်ကွဲခြင်းတို့ကြောင့်ဖြစ်ကြောင်း လေ့လာမြင်တွေ့ခဲ့ရသည်။



### ဓာတ်ပုံပြိုင်ပွဲပါဝင်

ပွဲတော်အစမှအဆုံး ပွဲတော်ရှုခင်း၊ ကွင်းဖွင့်ပွဲအခမ်းအနားမြင်ကွင်း၊ မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲနှင့် ကြာရိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ်အရုပ်တစ်ကောင်ချင်း၊ အုပ်စုလိုက် လွှတ်တင်ပြိုင်ပွဲ၊ ယမ်းမီးကြီး၊ ညလွှတ် စိန်နားပန် ရောင်စုံဓာတ်ပုံ အလွတ်တန်းပြိုင်ပွဲများကို ခေါင်းစဉ်လေးမျိုးဖြင့် ယှဉ်ပြိုင်ပါဝင်နိုင်ကြောင်း၊ ခေါင်းစဉ်တစ်ခုချင်း၌ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု သုံးဆု သတ်မှတ်ထားကြောင်း၊ ပထမဆု ကျပ်လေးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆုအတွက် ကျပ်တစ်သိန်းစီချီးမြှင့်ပေးသွားမည်ဖြစ်သည်ဟု ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီမှ သိရသည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသောအစီအစဉ်အဖြစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကျင်းပရခြင်း၏ အဓိပ္ပာယ်အနှစ်သာရများ တောင်ကြီးမြို့ သမိုင်းမှတ်တမ်းများ၌ ကျန်ခဲ့စေရန် ရည်ရွယ်လျက် ပွဲတော်အထိမ်းအမှတ်စာပေဆိုင်ရာ ရေးသားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခေါင်းစဉ် လေးမျိုး သတ်မှတ်ထားရှိသည်။ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုနှင့် ကာတွန်းပြိုင်ပွဲများ ပါဝင်သည်။

ပြိုင်ပွဲခေါင်းစဉ်တစ်ခုစီအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုအား ဒိုင်အဖွဲ့မှ အမှတ်ပေးရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဝတ္ထုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆု ကျပ် နှစ်သိန်းခွဲ၊ ဒုတိယဆု ကျပ် နှစ်သိန်းနှင့် တတိယဆု ကျပ် တစ်သိန်းခွဲ အသီးသီးချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကဗျာနှင့် ကာတွန်းပြိုင်ပွဲများအတွက် ပထမဆု ကျပ် တစ်သိန်း၊ ဒုတိယဆု ကျပ် ခုနစ်သောင်း၊ တတိယဆု ကျပ် ငါးသောင်းနှင့် နှစ်သိမ့်ဆု ကျပ် သုံးသောင်းစီ ရွေးချယ်ချီးမြှင့်ပေးရန် သတ်မှတ်ထားသည်။ ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများအား နိုဝင်ဘာလ ၂၃ ရက်နေ့ညနေတွင် အဝေရာကုန်းမြင့်သာယာ မီးပုံးပျံပြိုင်ပွဲကွင်း၌ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် စာပေဆိုင်ရာဆုရရှိသူများစာရင်းကို နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြပွဲပြိုင်ပွဲကျင်းပရေးကော်မတီမှ ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအမျိုးအစားများနှင့်ပတ်သက်သော ပြိုင်ပွဲဝင်ဓာတ်ပုံ၊ စာပေဆိုင်ရာစာမူများအားလုံးကို ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လက်ခံစိစစ်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး စာပေဆိုင်ရာစာမူများအား mja.shan18@gmail.com သို့ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ဖော်ပြပါဌာနရုံးသို့ ပေးပို့ဆက်သွယ်နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီကြေညာချက်၌ ဖော်ပြထားရှိသည်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့၏ အထင်ကရ စည်ကားလှပသောပွဲတော်များကို ဖော်ပြပါဟုဆိုခဲ့လျှင် တောင်ကြီးမြို့ တိုင်းရင်းသားတို့၏ ရိုးရာတန်ဆောင်တိုင်ပွဲတော်၊ ညောင်ရွှေ အင်းလေးဒေသ ဖောင်တော်ဦးဘုရား(ရုပ်ရှင်တော်မြတ်) ဒေသစာရီလှည့်လည်ကိန်းဝပ်ပူဇော်ခံပွဲ၊ သီတင်းကျွတ်လပြည့်နေ့ ဖောင်တော်ဦးဘုရား စံကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူသည့် ကျောင်းတော်ဝင်ပွဲနှင့် အင်းတိုင်းရင်းသားတို့ ရိုးရာခြေခတ်လှေလှော်ပြိုင်ပွဲတို့မှာ တောင်ကြီးမြို့၏ အထင်ကရအလှတရားများဟု ဆိုနိုင်ပေလိမ့်မည်။

၂၀၁၂ ခုနှစ်မှစတင်ကာ Miss Dazaungdai အလှမယ်ပြိုင်ပွဲကို မီးပဒေသာလှည့်လည်ပူဇော်ပွဲနှင့် တွဲဖက်၍ ထည့်သွင်းခဲ့သည်။ ၂၀၁၄ ခုနှစ် နောက်ပိုင်း၌ အခြေအနေအရပ်ရပ်ကြောင့် ထပ်မံထည့်သွင်းကျင်းပခြင်းမရှိတော့ကြောင်း သိရသည်။

မည်သို့ပင်ဆိုစေကာမူ ကဏ္ဍစုံလင်စွာ ပါဝင်ဆင်ယင်ကျင်းပသော တောင်ကြီးမြို့တော် တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ဖူးသူတိုင်းသည် တောင်ပေါ်ဆောင်းည၏အေးချမ်းမှုကို ဂရုမပြုနိုင်ဘဲ မြူနှင်းဖွေးဖွေးဆောင်းလေအေးအေးဒဏ်ကို အန်တု၍ မီးပုံများနံဘေးတွင် မိသားစုလိုက်၊ အစုအဖွဲ့လိုက် အနွေးဓာတ်ခိုလှုံရင်းဖြင့် မီးပုံးပျံလွှတ်တင်မည့်အချိန်ကို စောင့်မျှော်အားပေးကြသည့် မြင်ကွင်းများသည်လည်း တောင်ကြီးတန်ဆောင်တိုင် တောင်ပေါ်မြေပွဲတော်အား ပေါ်လွင်စေသည့် မြင်ကွင်းတစ်ခုပင်ဖြစ်သည်။

### အဝေရာကုန်းမြင့်သာယာသို့မတိုင်မီ

ရှေးယခင် နှစ်ပေါင်းများစွာမှ ၂၀၀၆ ခုနှစ်အထိ အဆိုပါပွဲတော်ကို တောင်ကြီးမြို့၏ ကျက်သရေဆောင် စူဠာမုနိစေတီတော်မြတ် အနောက်တောင်ဘက် ကုန်းစောင်းနှင့် နယ်မြေတပ်ရင်းအကြားရှိ ကွင်း၌ ကျင်းပခဲ့ကြပြီး ၂၀၀၇ ခုနှစ်တွင် တောင်ကြီး(ဝါးပြားရွာ)နှင့် မီးရထားဘူတာရုံအကြားရှိ လက်ရှိမီးပုံးပျံကွင်းသစ်ကြီးသို့ ပြောင်းရွှေ့ကျင်းပလာခဲ့သည်မှာ ယခုနှစ်တိုင်ဖြစ်ကြောင်း ပွဲတော်သမိုင်းအရ သိရသည်။

### ပွဲတော်အမှီပြု လည်ပတ်လေ့လာအပန်းဖြေနိုင်

ပွဲတော်သို့ လာရောက်ဆင်နွှဲရင်း တောင်ကြီးမှ အေးသာယာ(မြို့သစ်)၊ ရွှေညောင်မြို့များအား ဖြတ်သန်းရင်း ဘဝသံသရာတံတား၊ ဟဲဟိုး၊ ကလော၊ အောင်ပန်း၊ ညောင်ရွှေအင်းလေးကန်သာယာ၊ ပင်းတယ ပုန်းတလုတ်ကန်၊ ရွာငံရေပြာအိုင်နှင့် မိန်းမရဲတောင်၊ ဆီဆိုင်ဆိုက်ခေါင် ကတ်ကူမွေတော်သမိုင်းဝင်စေတီများနှင့် ရှမ်းပြည်နယ် တောင်ပိုင်းရှိ လူသိများထင်ရှားကျော်စောသည့် မြို့များအနှံ့ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ဆင်နွှဲရင်း သွားရောက်လေ့လာလည်ပတ်နိုင်ပေသည်။

သာယာလှပသည့် ရှမ်းရိုးမတောင်တန်းကြီးများ၊ လိမ္မော်၊ ချယ်ရီ၊ စတော်ဘယ်ရီ၊ ထင်းရှူးများနှင့် ကမ္ဘောဇဌာနေ သဘာဝအလှရှုခင်းပေါင်းစုံတို့အား လေ့လာခံစားကာ မကြာတော့မည့်ကာလ၌ ကျင်းပတော့မည့် ရှမ်းပြည်နယ် တောင်ကြီးမြို့၏အထင်ကရ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးမှသည် တောင်ကြီးမြို့ဝေဟင်ယံဝယ် ဝဲပျံတက်သည့် မီးပုံးပျံအလှတို့ကို ကြည့်ရှုခံစားနိုင်ရန် အေးမြမြတောင်ပေါ်မြေ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လှမ်းလာခဲ့စေကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။

# ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသည် ပြည်သူလူထုအားလုံးနှင့် သက်ဆိုင်သည်ဆိုသည့် အသိပညာဖြန့်ဝေလိုသော ရည်ရွယ်ချက်ဖြင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် တစ်ချိန်က စာတတ်မြောက်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ဖူးပါကြောင်း၊ ယနေ့တွင် Media and Information Literacy ဆိုပြီး ဆောင်ရွက်လာပါကြောင်း။

ယခင်က Literacy Campaign (စာတတ်မြောက်ရေး လှုပ်ရှားမှု) လုပ်ခဲ့သည်မှာ မိမိတို့နိုင်ငံတွင် စာတတ်သူဦးရေ မနည်းပါးသော်လည်း စာမတတ်သေးသည့် ပုဂ္ဂိုလ်များ ကျန်ရှိသည့်အတွက် စာမတတ်သူ ပပျောက်အောင်၊ အားလုံးစာတတ်အောင်ဆိုပြီး လှုပ်ရှားမှုကြီးတစ်ခု လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံ အနှံ့အပြားကို သွားရောက်ပြီး စာတတ်မြောက်အောင် သင်ကြားမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် Literacy Programme များကို ဆက်လက်ဆောင်ရွက်နေပါကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် စာပေနှင့် ပတ်သက်သည့်လှုပ်ရှားမှုများ၊ စာပေပွဲတော်များကို ကျင်းပနေပါကြောင်း၊ လာမည့် နိုဝင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်၌ စာတတ်သူတိုင်း စာဖတ်ရေးဆိုသည့် ခေါင်းစဉ်ဖြင့် ပွဲတစ်ခုကျင်းပမည်ဖြစ်ပါကြောင်း၊ စာတတ်သူများ စာဖတ်ရန်လိုပါကြောင်း၊ စာပေထဲမှ သတင်းအချက်အလက်များ ရရှိလာမည်ဖြစ်ပါကြောင်း။

**ရွေးချယ်နိုင်မည်**

လူတစ်ဦးချင်းသည် သတင်းအချက်အလက် ကောင်းကောင်း သိရှိနေရန်၊ ရရှိနေရန် လိုပါကြောင်း၊ ထိုသို့သိရှိနားလည်နေသည့် လူ့အဖွဲ့အစည်းသည် အလိမ်အညာ မခံရပါကြောင်း၊ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံများတွင် အများပြည်သူက မိမိနိုင်ငံကို စီမံခန့်ခွဲမည့် ခေါင်းဆောင်များအား ရွေးချယ်ရပါကြောင်း၊ ပြည်သူများသည် ကိုယ်ရွေးချယ်မည့်ခေါင်းဆောင်၏ အပြုအမူ၊ အနေအထိုင်၊ အမူအကျင့်များ ဖြောင့်မတ်မှန်ကန်မှု ရှိ၊ မရှိကို သိရှိရန်လိုပါကြောင်း၊ အချက်အလက် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်စုံစုံသိသူမှသာလျှင် မိမိနိုင်ငံကို စီမံခန့်ခွဲမည့် ကိုယ်စားလှယ်များအား ရွေးချယ်နိုင်မည် ဖြစ်ပါကြောင်း။

ယခင်က စာတတ်မြောက်ရေး၊ စာဖတ်ကြွရေးနှင့် ယခုခေတ်တွင် Media Information Literacy ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များ ပျံ့နှံ့မှုလွယ်ကူလာပြီး အလျင်အမြန်နှင့် အများအပြား ပျံ့နှံ့နေပါကြောင်း၊ အများကို အင်မတန်လွှမ်းမိုးပါကြောင်း၊ ထိုသို့လွှမ်းမိုးသည့်အခါ မမှန်ကန်သည့် သတင်းအချက်အလက်များ လွှမ်းမိုးမခံရအောင် ရိုးရိုးစာတတ်ရုံဖြင့် မရပါကြောင်း၊ စာဖတ်ရာတွင် ပိုင်းခြားစိတ်ဖြာပြီး စိစစ်ဝေဖန်ဖတ်တတ်ရန် လိုအပ်လာပါကြောင်း။

Media Literacy ရှိလာရန် စာကို များများစားစားဖတ်ရန်၊ အမြဲတမ်းဖတ်ရန် လိုပါကြောင်း၊ သို့မှသာ မီဒီယာနှင့် သတင်းအချက်အလက်များကို သိနားလည်လာပြီး ထိုအကြောင်းအရာကို ကောင်းကောင်းနားလည်လာပြီဆိုလျှင် မှန်၊ မမှန်ကို ဝေဖန်သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ နေ့စဉ်နှင့်အမျှ ထိတွေ့နေရသည့် အကြောင်းအရာများထဲတွင်လည်း မှန်သလား၊ မှားသလား၊ ယုံလောက်သလား၊ မယုံလောက်ဘူးလား စသဖြင့် စိစစ်ဝေဖန်သည့်နည်းဖြင့် ဖတ်ရှုခြင်းအားဖြင့်သာလျှင် ပေါက်ကွဲနေသည့်၊ ထွန်းကားနေသည့် မီဒီယာနှင့် သတင်းအချက်အလက် ခေတ်ကြီးတွင် သတင်းအချက်အလက်လွှမ်းမိုးမှု၊ သတင်းအချက်အလက်များကို အကျိုးရှိစွာ အသုံးချ၍ ပါလာသည့် ဆိုးကျိုးများ၊ မကောင်းသည့်အချက်များကို ပယ်ပြီး ကောင်းသည့် သတင်းအချက်အလက်များကို ရယူသုံးစွဲခြင်းဖြင့် မိမိအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာတင်တင်ထွေးနှင့် ယူနက်စကို -မြန်မာရုံး၏ ဌာနေကိုယ်စားလှယ် မစ္စမင်ဂျုံးကင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် သတင်းမီဒီယာကောင်စီ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ IMS / Fojo တို့မှ တာဝန်ရှိသူများ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ဆရာ ဆရာမများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆွေးနွေး**

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး Myanmar Book Aid& Preservation Foundation အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်း၊ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ် သတင်းအတတ်ပညာဌာန တွဲဖက်ပါမောက္ခ (ဌာနမှူး) ဒေါက်တာဇင်မာကျော်၊ ဖွံ့ဖြိုးမှုအတွက် မြန်မာအိုင်စီတီအဖွဲ့ ပရောဂျက်ညှိနှိုင်းရေးမှူး (Myanmar ICT for Development Organization ,MIDO) ဦးခန့်ဖြိုးလွင်နှင့် 7days သတင်းစာနှင့် ဂျာနယ်မှ သတင်းထောက်ချုပ်နှင့် အယ်ဒီတာ ဦးအောင်သစ်လွင်တို့က "မီဒီယာနှင့် သတင်းအချက်အလက် ဆိုင်ရာ သိနားလည်မှုသည် လူ့အဖွဲ့အစည်းအတွက် ဘာကြောင့် အရေးကြီးပါသနည်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

**ပထမဆုံးအကြိမ် ကျင်းပ**

ဆက်လက်၍ သတင်းအတတ်ပညာကျောင်းသား ကျောင်းသူဟောင်းများဖြစ်ကြသော ယူနက်စကို မြန်မာရုံး National Project Officer ဒေါ်နိုင်နိုင်အေးက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး Starcom Myanmar Co.,Ltd, Content Writer ကိုခန့်ဟိန်းသူ၊ The Joint Peace Fund, Communication officer မစကားဝါအောင်၊ Eleven Media Group အယ်ဒီတာ ကိုမျိုးမင်းထိုက်နှင့် အမျိုးသား စီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ် သတင်းအတတ်ပညာဌာန လက်ထောက်ကထိက ဒေါ်နန်းပြည့်ဖြိုးကျော်တို့က "လူငယ်နှင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု အသိအမြင်" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာတွင် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် အခမ်းအနားများကို ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံ၌ ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။**




**"လူငယ်နှင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု အသိအမြင်" ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲကျင်းပစဉ်။**

# လားရှိုး၌ တိုက်ပွဲရှောင်တိုင်းရင်းသားများအား စားသောက်ကုန်များ လှူဒါန်း

**လားရှိုး အောက်တိုဘာ ၂၉**

လားရှိုးမြို့၌ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက မန်ဆူရှမ်းကျောင်းတိုက်သို့ တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများ လာရောက်ခိုလှုံကြကြောင်း သိရသည်။

အဆိုပါတိုင်းရင်းသားများမှာ နမ္မတူမြို့နယ် နားဟကျေးရွာမှ အိမ်ထောင်စု ၃၉ စု၊ ပန်ဟုန်ကျေးရွာမှ အိမ်ထောင်စု ၂၇ စု၊ အီနိုင်းကျေးရွာမှ အိမ်ထောင်စု ၂၅ စု စုစုပေါင်း လူဦးရေ ၆၄၄ ဦးတို့ရောက်ရှိခဲ့ကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သဘာဝဘေးစီမံခန့်ခွဲမှု မြို့မိမြို့ဖများအဖွဲ့က ဆန်အိတ် ၂၀၊ ငါးသေတ္တာဘူး ၃၀၀၊ ဆီပိဿာ ၂၀၀၊ ကြက်ဉအလုံး ၂၀၀၀ တို့အား လှူဒါန်းရာ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးနှင့် ပြည်သူများကိုယ်စား ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးက အလှူငွေကျပ် ၁၀ သိန်း၊ Shining Myanmar Co.,Ltd, မှ ဆန် ၁၀ အိတ်၊ ဒေါက်တာနန်းဆိုင်အေး (နမ့်ခုံး)ဆေးတိုက်က ဆန် ၁၀ အိတ်နှင့် ငွေကျပ်ငါးသိန်း၊ မန်ဆူရှမ်းကျောင်းဂေါပကအဖွဲ့က ငွေကျပ်တစ်သိန်း၊ လူမျိုးဘာသာမရွေး အမေ့သွေးပရဟိတအသင်းက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စားသောက်ကုန်များ၊ အခြားသော အလှူရှင်များကလည်း စားသောက်ကုန်နှင့် ရေသန့်များကို လှူဒါန်းခဲ့ကြသည်။

မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးက မိမိကျောင်းတိုက်၌ လာရောက်ခိုလှုံကြသော မည်သူမဆို၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ဆရာတော်ကြီး၏ကျောင်းတိုက်မှ မေတ္တာဖြင့် အစဉ်ရှေးရှုလျက် ကူညီဆောင်ရွက်ပေးနေပြီး အားလုံးညီညာစုပေါင်းခြင်းဖြင့် ကုသိုလ်ပွားများနိုင်ကြပါကြောင်း မိန့်ကြားခဲ့သည်။

**ဟန်ဌေး(လားရှိုး)**

# ပုသိမ်ကလေးစာပေပွဲတော်သို့ ရေကြည်မှ ကျောင်းသားများ ပါဝင်ဆင်နွှဲမည်

**ရေကြည် အောက်တိုဘာ ၂၉**

ကလေးများပျော်ရွှင်ရေး၊ အချင်းချင်းရင်းနှီးချစ်ကြည်ရေး၊ အသိအမြင်တိုးပွားရေး၊ စာပေဗဟုသုတရရှိရေးနှင့် ပျော်ရွှင်ဖွယ်လေ့လာရေးခရီးစဉ်တစ်ခုအမှတ်ရစေရန် ရည်ရွယ်၍ ရေကြည်မြို့နယ်မှာ မြို့ပြနှင့် အလှမ်းဝေးပြီး ဒေသဖွံ့ဖြိုးမှု အားနည်းသော ကျေးလက်နေမူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၇၅၀ ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တက္ကသိုလ်၌ကျင်းပမည့် ကလေးစာပေပွဲတော်တွင် နိုဝင်ဘာ ၃၊ ၄၊ ၅ ရက်တို့တွင် ရေကြည်မြို့နယ်အနေဖြင့် နေ့စဉ်လေ့လာရေးအင်အား ၂၀၀ ဖြင့် ဖျော်ဖြေရေးအဖွဲ့အင်အား ၅၀ ခန့်သွားရောက်၍ လေ့လာခြင်း၊ ပုံပြောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် ဖျော်ဖြေရေးများ ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

နေ့စဉ်ကလေး ၂၅၀ ခန့်သွားရောက်ရာတွင် ကလေးတစ်ဦးချင်းစီ၏ လည်ဆွဲကတ်များပေါ်တွင် ကလေး၏အမည်၊ မြို့နယ်ကျောင်း၊ ၎င်းကလေးအား အုပ်ထိန်းလာသော တာဝန်ရှိကြီးကြပ်ဆရာ ဆရာမများ၏ ဖုန်းနံပါတ်များ ဖော်ပြပေးထားပြီး အချင်းချင်းဆက်သွယ်နိုင်ရန် စီစဉ်ပေးထားကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်အေးထံမှ သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

# မကွေးတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ရုံးဖွင့်

**မကွေး အောက်တိုဘာ ၂၉**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း မကွေးတိုင်းဒေသကြီး ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ အဖွဲ့ဝင်များ၊ ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ) မှ ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အသင်းဖြစ်မြောက်ရေး တာဝန်ခံနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အသင်းများ၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ ထို့နောက် အသင်း၏ အလံအား ဗဟိုအသင်း ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက တိုင်းဒေသကြီး အသင်းဥက္ကဋ္ဌ ဒေါက်တာဖြူဖြူထွန်းအား ပေးအပ်ပြီး ရုံးခန်းအတွင်းရှိ အသင်းလှုပ်ရှားမှု ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုသည်။



ယင်းနောက် တိုင်းဒေသကြီး အတွင်းရှိ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်များအတွင်း ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများ ဖွဲ့စည်းအတည်ပြုခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားကို လူမှုဝန်ထမ်းဦးစီးဌာန မကွေးမူလတန်းကြို ကျောင်း၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဖြူဖြူထွန်းက တိုင်းဒေသကြီးအတွင်း အသင်းများ ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြခဲ့ပြီး ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာ)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာက ရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးမျိုးတင့်အား ပီရူးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပီရူးသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

# ရန်ကုန်-မာန်အောင်လေကြောင်းလိုင်း ပြန်လည်ပျံသန်းပြေးဆွဲ

**မာန်အောင် အောက်တိုဘာ ၂၉**

မာန်အောင်အများပိုင်ကုမ္ပဏီက တာဝန်ယူပျံသန်းသည့် မြန်မာအမျိုးသား လေကြောင်းပိုင် Grand Caravan လေယာဉ်ငယ်ဖြင့် ရန်ကုန်၊ မာန်အောင်၊ ကျောက်ဖြူနှင့် စစ်တွေခရီးစဉ်များကို ပျံသန်းပြေးဆွဲခဲ့ပြီး ရာသီဥတုအခြေအနေအရ မေ ၃၀ ရက်တွင် ရပ်နားထားခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် ပြန်လည်ပျံသန်းပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စတင်ပျံသန်းပြေးဆွဲသောလေယာဉ်တွင် ရန်ကုန်မှခရီးသည် အမျိုးသား ရှစ်ဦးလိုက်ပါလာပြီး ယနေ့နံနက် ၈နာရီ ၅၅ မိနစ်တွင် မာန်အောင် စမုံတဲ လေဆိပ်သို့ ဆင်းသက်ခဲ့သည်။

ယခု ပျံသန်းပြေးဆွဲနေသောလေယာဉ်ဈေးနှုန်းများမှာ ရန်ကုန်-မာန်အောင် ငွေကျပ် ၈၃၀၀၀၊ ကျောက်ဖြူ-မာန်အောင်ငွေကျပ် ၃၆၀၀၀၊ စစ်တွေ-မာန်အောင် ငွေကျပ် ၄၁၀၀၀ ဖြစ်ပြီး ယခင်ပြေးဆွဲခဲ့သော ရက်အတိုင်း တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ပုံမှန်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မာန်အောင်အများပိုင်ကုမ္ပဏီမှ သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

# ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများ မြန်မာ့လက်ရွေးစင်အသင်း ပထမဆုံးနိုင်ပွဲရ

**ရန်ကုန် အောက်တိုဘာ ၂၉**

ကာတာနိုင်ငံ ဒိုဟာမြို့၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခရီးစဉ်တတိယမြောက် ခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်က ကာတာတပ်မတော်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲ ခြောက်ပွဲမြောက်တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာတပ်မတော် လက်ရွေးစင်အသင်းနှင့် နှစ်ပွဲဆက် ခြေစမ်းခြင်းဖြစ်ပြီး ပထမပွဲတွင် နှစ်ဂိုးစီသရေကျကာ ယခုပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ဂိုးသမားကျော်ဇင်ထက်ကို အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ပေးကာ ဇော်မင်းထွန်း၊ မောင်မောင်လွင်၊ ဇင်မင်းထွန်း၊ ပြည့်ဖြိုးဇော်၊ လွင်မိုးအောင်၊ သိန်းသန်းဝင်း၊ အီစိုး၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပထမပိုင်းတွင် ကစားပုံပိုကောင်းခဲ့ပြီး အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပထမပိုင်းတွင် ရရှိခဲ့ကာ ၂၃ မိနစ်တွင် ဇင်မင်းထွန်း၊ ၃၈ မိနစ်တွင် အီစိုးတို့က သွင်းယူခဲ့သည်။ ယခုခြေစမ်းပွဲတွင် လက်ကောက်ဝတ်ဒဏ်ရာရထားသည့် တိုက်စစ်မှူး အောင်သူသည် လူစားဝင်ပြီး ပထမဆုံးပါဝင်ကစားခဲ့သည်။

မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲခြောက်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခရီးစဉ်မတိုင်မီက ကစားခဲ့သည့်ခြေစမ်းပွဲများတွင် အင်ဒိုနီးရှားကို သုံးဂိုး-ဂိုးမရှိ၊ ဘိုလီးဗီးယားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဘာရိန်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ကာတာခရီးစဉ်တွင် ကာတာကလပ် အယ်လ်ဒူဟေးလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ကာတာတပ်မတော် လက်ရွေးစင်အသင်းကိုမူ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**



မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး အောင်သူ ကာတာတပ်မတော်လက်ရွေးစင်အသင်းဘက်သို့ ထိုးဖောက်ကစားနေစဉ်။

# ဗီဇာထပ်မံဖြေလျှော့ပေး၍ ခရီးသွားပြည့်သူ ပိုမိုဝင်ရောက်မည်ဟု မျှော်လင့်

**ရန်ကုန် အောက်တိုဘာ ၂၉**

ခရီးသွားလုပ်ငန်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရန် ရည်ရွယ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ယခုနှစ် စက်တင်ဘာလက ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံ သုံးနိုင်ငံကို ထပ်မံ၍ ဗီဇာဖြေလျှော့ပေးလိုက်သည့်အတွက် ခရီးသွားလုပ်ငန်း လုပ်ကိုင်သည့်ကုမ္ပဏီနှင့် လုပ်ငန်းရှင်များဘက်က ခရီးသွားဧည့်သည် ပိုမိုဝင်ရောက်လာရန် မျှော်လင့်နေကြကြောင်း ခရီးသွားလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။

"ဗီဇာဖြေလျှော့တာကတော့ အနောက်နိုင်ငံမှ ခရီးသွားတွေဝင်တာကျဆင်းလာတဲ့ သဘောရှိပါတယ်။ အရှေ့မျှော်ဝါဒကို ပြောင်းသုံးကြည့်တာပါ။ ဂျပန်တို့၊ ကိုရီးယားတို့၊ တရုတ်တို့က အလားအလာကောင်းတယ်။ ထိုင်းလည်းရှိတယ်။ ထိုင်းကတော့ ဗီဇာကင်းလွတ်ခွင့်ပေးပြီးသားပါ။ ဂျပန်ကလည်း တစ်သိန်းစွန်းစွန်းပဲရှိတယ်။ ကိုရီးယားလည်း ခုနစ်သောင်းတောင် မပြည့်သေးဘူးဆိုတော့ ဒီလိုပေးလိုက်ရင် ထပ်တက်မယ်" ဟု ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်တိုးက ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့်ပတ်သက်၍ အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန် အနောက်နိုင်ငံမှ ခရီးသွားဝင်ရောက်မှု လျော့နည်းပေမယ့် ယခုလို ဗီဇာဖြေလျှော့ခွင့်ပြုလိုက်ပြီးသည့်အချိန်မှစ၍ အောက်တိုဘာလတွင် တရုတ်နိုင်ငံမှ ဝင်ရောက်မှု ၁၀၀၀၀ ကျော်၊ ကိုရီးယားနိုင်ငံမှ ခရီးသွားဧည့်သည် ၄၀၀၀ ခန့်၊ ဂျပန်နိုင်ငံမှ ခရီးသွားဧည့်သည် ၅၀၀၀ ခန့် ဝင်ရောက်လာခဲ့သည်။

ယခုလို အာဆီယံနိုင်ငံများကို ဗီဇာဖြေလျှော့ခွင့်ပြုလိုက်သလို အနောက်နိုင်ငံများကို ဗီဇာဖြေလျှော့ပေးရန် ခရီးသွားလုပ်ငန်းရှင်များက မျှော်လင့်နေကြောင်း သိရသည်။

"ဆွစ်ဇာလန်နိုင်ငံမျိုးကို ဗီဇာဖြေလျှော့ခွင့်ပေးသင့်တယ်။ တခြားအကြောင်းအရာတွေလည်း မရှိဘူး။ သူ့ဟာသူလာလည်တာပဲ"ဟု All Asia Exclusive Co.,Ltd မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဖြိုးဝေရာဇာက ပြောသည်။

ဆွစ်ဇာလန်နိုင်ငံအပြင် နိုင်ငံခြားငွေ သုံးစွဲနှုန်း မြင့်မားတဲ့ စပိန်နိုင်ငံ၊ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန် စသည့် အင်အားကြီး နိုင်ငံများကိုလည်း ပြည်ဝင်ခွင့်ဗီဇာဖြေလျှော့သင့်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက တိုက်တွန်းပြောဆိုကြသည်။

ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်းအရ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုကို ခုနစ်သန်း မျှော်မှန်းထားကြောင်း သိရသည်။

**SMW**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၉**

ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

**❋ မြန်မာယှဉ်ပြိုင်ခဲ့သည့်မှ**

အုပ်စု(င)မှ ဗီယက်နမ်၊ အုပ်စု(စ)မှ အီရန်အသင်း၊ အကောင်းဆုံးအုပ်စု ဒုတိယနေရာအဖြစ် လက်ဘနွန်နှင့် မြန်မာအသင်းတို့ နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။ အုပ်စု (ခ) တွင် ထိုင်းအသင်းက အုပ်စုပထမနေရာရခဲ့သော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သောကြောင့် ယင်းအသင်းအစား ဒုတိယနေရာရသည့် နီပေါအသင်းက အစားထိုးအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (စ) တွင် ပါဝင်ခဲ့ပြီး ပထမပွဲတွင် လာအိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းအုပ်စုတွင် သုံးသင်းစလုံး သုံးမှတ်စီရခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အီရန်အသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စု ဒုတိယရခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် လက်ဘနွန်နှင့်အတူ ထိပ်ဆုံးနှစ်နေရာတွင် ရပ်တည်နိုင်ခဲ့သောကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်မှ တက်ရောက်လာသည့်ရှစ်သင်းအား လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၁/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)**

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၂၇) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့် အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၂)မှုတွင် တရားခံကျား(၂၀)ဦး၊ မ(၂)ဦး၊ပေါင်း(၂၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း တင်ပြပြီး/သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၂၃-၁၀-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၈)၊ မဟာစည်ရိပ်သာလမ်းနှင့် ခိုတင်ရွာသွားလမ်းဆုံ၌ စောင့်ဆိုင်းစိစစ်နေစဉ် ဒေါ်အေ(၅၇)နှစ်၊ (ဘ)ဦးလရီ၊ ကာလိုင်ရွာနေသူအား ရှာဖွေစစ်ဆေးရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၁၁၇/၂၀၁၈၊မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ်(၅) ရပ်ကွက်၊ (၆)လမ်းနေ ကိုမျိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁၀-၂၀၁၈ ရက်နေ့တွင် ကော့ကရိတ်မြို့၊ အမှတ်(၅) ရပ်ကွက်၊ သဇင်လမ်း၌ သတင်းအရ စောင့်ဆိုင်းစိစစ်နေစဉ် ကိုမျိုး (ခ)နေမျိုးလှိုင် (၃၄)နှစ်၊ (ဘ)ဦးမြင့်ဦးသည် ယာဉ်အမှတ် 6K/2870 Air Wave ယာဉ်နှင့် မောင်းနှင်လာစဉ် ရပ်တန့်ရှာဖွေစိစစ်ရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့ကရိတ်) မယ (ပ)၃၃/၂၀၁၈၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောက်ကျင်း ရပ်ကွက်၊ အောင်သုခလမ်းနေ ဦးဗကယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၁၈ ရက်နေ့တွင် မော်လမြိုင်မြို့၊ အောက်ကျင်း ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၄/အေ)နေ ဦးဗကယ် (ခ)ရဲဝင်းအောင် (၄၃)နှစ်၊ (ဘ) ဦးမီရာမေဒင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ အဒူလာ (ခ)သန်းထိုက် (၃၀) နှစ်၊ (ဘ)ဦးစိုးဝင်းပါ(၂)ဦးအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဗိုင်းဝန်ကွင်း) မယ(ပ)၁၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ဇေယျာမွန်ရပ်ကွက်၊ (၁)လမ်းနေ ဦးဝင်းစိန်၏ သားဖြစ်သူ မောင်သော်ဇင်သည် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၀-၂၀၁၈ ရက်နေ့တွင် ကျိုက်ထိုမြို့၊ ဇေယျာမွန် ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁၀၈)နေ သော်ဇင် (၃၁) နှစ်၊ (ဘ)ဦးဝင်းစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျိုက်ထို) မယ(ပ)၁၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာနေ ဆီနီဂေါ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ကြိမ်နီတောင်ကျေးရွာနေ ဆီနီဂေါ် (ခ)ထွန်းဦး (ခ)မတ်ဟူရိုန် (၄၆)နှစ်၊ (ဘ) ဦးသိန်းပို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ(ပ) ၃၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ကောင်းမောင်းကျေးရွာနေ မြင့်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၀-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ကောင်းမောင်းကျေးရွာနှင့် ရွှေထီးကုန်းကျေးရွာသွားလမ်းမပေါ်၌ စောင့်ဆိုင်းစိစစ်နေစဉ် မြင့်လွင် (၃၂)နှစ်၊ (ဘ)ဦးချမ်းမောင်၊ ကောင်းမောင်းကျေးရွာနေသူ မောင်းနှင်လာသည့် ဆိုင်ကယ်အားစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ၎င်းမှာ ဆိုင်ကယ်ကို လှဲချထွက်ပြေးသွားခဲ့ပြီး ကျန်ရှိခဲ့သော လွယ်အိတ်အတွင်းမှ ဘိန်းဖြူများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၉၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၄၀) နေ စိုးသူသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၀-၂၀၁၈ ရက်နေ့တွင် ကော့သောင်းမြို့၊ အောင်သုခ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၀)နေ စိုးသူ (၃၁) နှစ်၊ (ဘ)ဦးလှသိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ) ၁၂၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၇-၁၀-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၃၅၇) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၄၇၄)ဦး၊ မ(၉၁)ဦး၊ ပေါင်း(၅၆၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၁၁၅ ဒသမ ၉၅)ဂရမ်၊ ICE (၂၂ ဒသမ ၀၁) ဂရမ်၊ ဘိန်း(၃၈၃၈၇ ဒသမ ၀၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၁၈၅၀ ဒသမ ၉၉)ဂရမ်၊ ဘိန်းစာရွက် (၃၉၇၃ ဒသမ ၉၉) ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား(၁၆၇၀၆၇)ပြား၊ ဆေးခြောက်(၃၆၉၆ ဒသမ ၀၃)ဂရမ်၊ ဘိန်းရည် (သုည ဒသမ ၁)လီတာ၊ ဘိန်းဆီခဲ (၂၁၇ ဒသမ ၄)ဂရမ်၊ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့်(၁ ဒသမ ၆၅) ဂရမ်၊ သေနတ်မျိုးစုံ(၁၂)လက်၊ ကျည် မျိုးစုံ(၁၉၄)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ကျွန်းတောရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၁၃၆၀)ပြား၊ ဘိန်းစိမ်း(၁ ဒသမ ၅)ဂရမ်၊ ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့၊ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၉၇၅၀၀)ပြား၊ တာချီလိတ်မြို့နယ်၊ ဧဒင်ကျေးရွာ၊ အေးရိပ်မြိုင်လမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၄၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ မြို့မရပ်ကွက်မှ ရွာမကျေးရွာသွားကားလမ်းပေါ်တွင် စစ်ဆေးစဉ် Hilux Pick Up ယာဉ်ပေါ်မှ ယာဉ်မောင်းတရားခံ အမျိုးသား(၁)ဦးအား စိတ်ကြွရူးသွပ်ဆေးပြား(၁၉၁၁၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီးနှင့်အတူ ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဆေးပြားများပို့ဆောင်ခိုင်းသူ ဘူးသီးတောင်မြို့၊ အနောက်ရပ်ကွက်နေ တရားခံအမျိုးသား(၁)ဦးအား ၎င်းနေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား(၉၇၅၀၀၀)ပြား ဖမ်းဆီးရမိကာ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား (၂၈၈၆၀၀၀)ပြား ဖော်ထုတ်ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ အမျိုးသားတရားခံ(၄)ဦး ထပ်မံဖမ်းဆီး ရမိသဖြင့် စုစုပေါင်း(၆)ဦး ဖမ်းဆီးရမိခဲ့ (ဖြစ်စဉ်စိစစ်ချက်အရ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်မှ ဘူးသီးတောင်မြို့နယ်သို့ ရေလမ်းကြောင်းမှတစ်ဆင့် စက်လှေဖြင့် ဖမ်းဆီးရမိ ရခိုင်အမျိုးသား(၂)ဦးမှ မူးယစ်ဆေးဝါးများ သယ်ယူလာခဲ့ပြီး ဘူးသီးတောင်ရှိ ဖမ်းဆီးရမိ ရခိုင်အမျိုးသား(၁)ဦးမှ ချိတ်ဆက်ဆက်သွယ်ပေးမှုဖြင့် ဘူးသီးတောင်မြို့နေ ဖမ်းဆီးရမိ မွတ်စလင်အမျိုးသား (၂)ဦးမှ မူးယစ်ဆေးဝါးများ လက်ခံထားရှိကာ မောင်တောမြို့ရှိ ဖမ်းဆီးရမိ ရခိုင်အမျိုးသား (၁)ဦးထံသို့ ပို့ဆောင်စဉ် ဖမ်းဆီးရမိခြင်းဖြစ်)၊ ကျောက်ဖြူမြို့၌ သတင်းအရဖော်ထုတ်ဖမ်းဆီးခဲ့ရာ အရာရှိရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၄၁)ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့်(သုည ဒသမ ၀၉)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးနှင့် တရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၃၉၉၀)ပြား၊ ဘိန်းဖြူ(၅၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၃၁၅၅)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၌ သတင်းအရ ပိတ်ဆို့ရှာဖွေစိစစ်ရာ Honda Civic ယာဉ်ပေါ်မှ တရားခံအမျိုးသား(၁)ဦးနှင့် တရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့အား Ketamine (၄၈၀) ဂရမ်၊ Ecstasy ဆေးပြား(၁၂၀)ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား(၄)ပြား၊ ဆေးခြောက်(၄)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ မူဆယ်မြို့မှ မန္တလေးမြို့သို့လာသည့် ခရီးသည်တင်ယာဉ်ပေါ်မှ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား (၁၂၀၀၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်အား လည်းကောင်း၊ လက်နက်ခဲယမ်းများနှင့်အတူ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှု ဖြစ်စဉ်(၁)ခုရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့၊ ဖော့သုတ်ကျေးရွာ၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားအမျိုးသား(၃)ဦး၊ မြန်မာနိုင်ငံသားအမျိုးသား(၂)ဦး၊ ပေါင်း (၅)ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၅၉၂၉)ပြား၊ ICE (၁၃၇၉ ဒသမ ၇)ဂရမ်၊ ဆေးခြောက်(၂၄၇)ဂရမ်၊ ပွိုင့် ၂၂ သေနတ်(၁) လက်၊ ၎င်းကျည်(၃၉)တောင့်၊ ကျည်အိမ်(၁)ခု၊ ပစ္စတိုသေနတ်(၁) လက်၊ ၎င်းကျည်(၇၀)တောင့်၊ ကျည်အိမ် (၁)ခု၊ ပွိုင့် ၃၈ ခြောက်လုံးပြူး(၁)လက်၊ ၎င်းကျည် (၁၅)တောင့်၊ ပွိုင့် ၃၂ ခြောက်လုံးပြူး(၁)လက်၊ ရွှေထည်ပစ္စည်း မျိုးစုံ(၄)မျိုး (အလေးချိန် ၇ ကျပ်သား ၅ ပဲ)၊ ဆိုင်ကယ်(၂)စီးအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၁-၁၀-၂၀၁၈ ရက်နေ့မှ ၂၇-၁၀-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၁၈၀)မှုတွင် တရားခံကျား(၂၃၈)ဦး၊ မ(၂၈)ဦး၊ပေါင်း(၂၆၆)ဦးကို ဘိန်းဖြူ (၈၆၅ ဒသမ ၂၄) ဂရမ်၊ ICE (၁၄၃၈ ဒသမ ၂၅)ဂရမ်၊ ဘိန်း(၆၀၃၅ ဒသမ ၅၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၄) ဂရမ်၊ ဘိန်းစာမှုန့်(၁၀)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား (၃၀၇၀၃၁၈)ပြား၊ ဆေးခြောက်(၆၈၁၈ ဒသမ ၄၅)ဂရမ်၊ Ecstasy ဆေးပြား(၁၂၀)ပြား၊ Ketamine (၄၈၀)ဂရမ်၊ သေနတ်မျိုးစုံ (၄)လက်၊ ကျည်မျိုးစုံ(၁၂၄)တောင့်၊ ကျည်အိမ်(၂)ခု၊ ရွှေထည်ပစ္စည်းမျိုးစုံ (၄)မျိုး (အလေးချိန် ၇ ကျပ်သား ၅ ပဲ)တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ကနဦးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၉**

အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ကနဦး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ Royal Taunggyi Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အင်းလေးကန်သမိုင်းနှင့် အင်းလေးကန်အခြေအနေသည် မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု၊ သဘာဝအလှအပများနှင့် ဝန်းရံလျက်ရှိသော သဘာဝအမွေအနှစ်တစ်ခုဖြစ်ပါကြောင်း၊ အင်းလေးကန်တွင် ဒေသသက်ရှိမျိုးစိတ်အများအပြား မှီတင်းနေထိုင်ကြပြီး ဆောင်းခိုငှက်များနားခိုရန် နေရာလည်းဖြစ်၍ ငြိမ်သက်အေးချမ်းသည့် ကန်ရေပြင်ထဲတွင် ကုန်းတွင်းငှက် ၂၅၉ မျိုး၊ ရေပျော်ငှက် ၉၂ မျိုး၊ ငါး ၆၁ မျိုး၊ လိပ်သုံးမျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၂၃ မျိုးနှင့် သစ်မျိုး ၈၆ မျိုး၊ ဆေးဖက်ဝင်ပင် ၅၂၇ မျိုး၊ သစ်ခွမျိုးစိတ် ၁၈၄ မျိုး၊ ရေမျှော်မျိုးစိတ် ၁၂ မျိုး၊ ဝါး ၁၁ မျိုးတို့ကို တွေ့ရှိမှတ်တမ်းတင်ထားပါကြောင်း။ အင်းလေးကန်တွင် ထူးခြားသည့် ရိုးရာယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကျောင်းမှု အလေ့အထများကြောင့် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသည့် ဒေသလည်းဖြစ်ပါကြောင်း၊ အင်းလေးကန် ရေဝေရေလဲဒေသသည် ၂၁၆၆ ဒသမ ၈ စတုရန်းမိုင် ရှိပါကြောင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော၊ သဘာဝနယ်မြေတို့ပါဝင်ပြီး အင်းလေးကန်တွင် ကျေးရွာအုပ်စုပေါင်း ၃၅ အုပ်စု၊ ကျေးရွာပေါင်း ၄၄၄ ရွာရှိ ပြည်သူများ မှီတင်းနေထိုင်သောရေကန်ကြီးတစ်ခုလည်း ဖြစ်ပါကြောင်း။



အင်းသား၊ လီဆူ၊ ပအိုဝ်းနှင့် တောင်ရိုးလူမျိုးတို့၏ ရိုးရာအမွေအနှစ်များလည်း တွေ့ရှိနိုင်သည့် နေရာဖြစ်ပြီး ယခုအခါ အင်းလေးကန်ကြီးသည် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲခြင်း၊ လူဦးရေတိုးပွားလာခြင်း၊ ယာမြေတိုးချဲ့ခြင်း၊ ကျွန်းမျောများတိုးချဲ့ခြင်း၊ ထင်းသုံးစွဲမှု များပြားလာခြင်း၊ ခရီးသွားလုပ်ငန်းအလျင်အမြန် တိုးပွားလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းတို့ကြောင့် အင်းလေးကန် ထိန်းသိမ်းရေးမှာ အရေးကြီးသည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ရှိ နော်ဝေသံရုံးမှ အတိုင်ပင်ခံဝန်ကြီး Mrs. LiseNordgaard နှင့် UNDP မှ ဌာနေခေါင်းဆောင် Mr. Biplove Choudhary တို့သည် အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကြားဖြတ်ရွေးကောက်ပွဲတွင် ခရိုင်အလိုက် ကွင်းဆင်းကြီးကြပ်ရန် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား တာဝန်များခွဲဝေပေးအပ်

မန္တလေး အောက်တိုဘာ ၂၉

**လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ခရိုင်အလိုက် ကွင်းဆင်းကြီးကြပ်ရန် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များအား အောက်တိုဘာ ၂၉ ရက်က တွေ့ဆုံဆွေးနွေးကာ တာဝန်ခွဲဝေချထားပေးခဲ့ကြောင်း တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။**



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် နိုင်ငံရေးပါတီများအား ကြီးကြပ်ရာတွင် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ညွှန်ကြားချက်များ၊ ဥပဒေအရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားကာ တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

“ဒီအစည်းအဝေးမှာ ခရိုင်အဆင့် ကြီးကြပ်ရမယ့် ကော်မရှင်အဖွဲ့ဝင်တွေက နိုဝင်ဘာ ၁ ရက်မှာ မဲရုံသုံးပစ္စည်းတွေကို မဲရုံအသီးသီးမှာ အပြည့်အစုံရှိ၊ မရှိ ကြိုတင်ကွင်းဆင်းကြည့်ရှုတယ်။ မဲပေးတဲ့နေ့မှာလည်း မဲဆန္ဒရှင်ပြည်သူတွေ အေးအေးချမ်းချမ်း မဲပေးနိုင်အောင် သက်ဆိုင်ရာကော်မရှင်ခွဲ အဆင့်အဆင့်နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကြီးကြပ်ဆောင်ရွက်သွားရမယ်။ မဲရုံအလိုက် ပြီးစီးတဲ့ပုံစံ (၁၉)လို့ ခေါ်တဲ့ မဲပေးသူစာရင်းတွေ ပြုစုပြီးတဲ့အထိ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရန် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များ အားလုံးကို အပြည့်အစုံ ပြင်ဆင်ထားရှိပြီးဖြစ်သည့်အပြင် ယခုရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူမြန်ဆန်စွာမဲပေးနိုင်ရန် မဲရုံအသီးသီးတွင် မဲစာရင်းများကို ထပ်မံကြေညာပေးထားမည်ဖြစ်ကြောင်း သိရသည်။

“မဲပေးသူတစ်ဦးဟာ မိမိအမည်ပါတဲ့ အမှတ်စဉ်ကိုသိရင် မဲပေးတဲ့ နေရာမှာ ပိုပြီး အဆင်ပြေလွယ်ကူတဲ့အတွက် မဲပေးတဲ့နေ့ကျရင် မဲရုံတွေရဲ့ရှေ့မှာ မဲစာရင်းတွေကို ထပ်မံကြေညာ ပေးထားမှာပါ။ ကျွန်တော်တို့ကတော့ ချမှတ်ထားတဲ့ ဆောင်ပုဒ်အတိုင်းပဲ မဲပေးသူပြည်သူအသီးသီးဟာ လွတ်လွတ်လပ်လပ်နဲ့ မျှမျှတတ မဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ထားပါတယ်။ ဒီကြားဖြတ်ရွေးကောက်ပွဲက အေးအေးချမ်းချမ်းနဲ့ အောင်မြင်စွာ ပြီးဆုံးသွားမယ်လို့ ယုံကြည်ပါတယ်” ဟု ၎င်းက ဆက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မဲပေးရွေးချယ်ကြမည့် မဲဆန္ဒရှင်စာရင်းမှာ သုံးသိန်းတစ်သောင်းကျော်ရှိပြီး မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း လေးဦးအတွက် မဲရုံ ၂၆၈ ရုံ၊ သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်နယ်မြေတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးအတွက် မဲရုံ ၄၅ ရုံနှင့် ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ငါးဦးအတွက် မဲရုံ ၃၆၄ ရုံ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

**၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင် ပြည်သူတစ်ဦး မဲပေးနေစဉ်။**

# လျှောင်လှူပ်ခတ်ခဲ့၍ ရေလှောင်တမံများအခြေအနေ စစ်ဆေး

**ပြည် အောက်တိုဘာ ၂၉**

နေပြည်တော် ငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း အောင်လံမြို့၏ အရှေ့ဘက်မိုင် ၃၀ ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ မြေငလျင်တစ်ခု အောက်တိုဘာ ၂၇ ရက်က လှုပ်ခတ်သွားသဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းငလျင်လှုပ်ခတ်ရာနေရာ အနီးဝန်းကျင်ရှိ မြောက်နဝင်းရေလှောင်တမံ၊ တောင်နဝင်းရေလှောင်တမံ၊ ကန်ကြီးကုန်းရေလှောင်တမံ၊ ရွှေတောင်ရေလှောင်တမံနှင့် အခြားရေလှောင်တမံများ၏ တမံနှင့်ဆက်စပ် ရေအားအဆောက်အအုံများအခြေအနေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဦးနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# မြောက်ဥက္ကလာပမြို့နယ်၌ မူခင်းပညာပေး ဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုဇာတာလမ်း (၂)ဈေးအနီးတွင် အောက်တိုဘာ ၂၆ ရက်နံနက်က မူခင်းပညာပေးယာဉ်ဖြင့် မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်၊ မူးယစ်တပ်ဖွဲ့စု (၄၂)မှ ရဲအုပ်ကျော်အောင်၊ အမှတ်(၆)လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီး ဇော်မင်းလွင်တို့က မူခင်းပညာပေးဟောပြောရာ ဟောပြောပွဲသို့ ပြည်သူ ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အကျိုးဆောင်တောင်သူများအား ဂုဏ်ပြု

**မိုးနဲ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် မြန်မာ့ဩဘာလုပ်ငန်းစုမှ တိုင်းအရောင်းမြှင့်တင်ရေး မန်နေဂျာဦးစီး၍ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဆွေးနွေးပွဲနှင့် အကျိုးဆောင်တောင်သူများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငိုဘွယ်က အဖွင့်မိတ်ဆက်စကား ပြောကြားခဲ့ပြီး မြန်မာ့ဩဘာလုပ်ငန်းစု တိုင်းအရောင်းမြှင့်တင်ရေး မန်နေဂျာ ဦးထက်အောင်ကိုက ဓာတ်မြေဩဇာသုံးစွဲမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နည်းပညာတာဝန်ခံ ဦးဇော်နိုင်အောင်က ကြက်သွန်ဖြူစိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများကို လည်းကောင်း၊ ဦးစိုင်းကျော်ထွန်းက ရွက်ဖျန်းမြေဩဇာ သုံးစွဲမှုဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း အသီးသီး ပညာပေးဆွေးနွေးခဲ့ရာ တက်ရောက်လာသော တောင်သူများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းခဲ့သည်။ **၆၆၁**



# (၁၆)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား သင်္ချာစာရင်းအင်း ကျောင်းသား ကျောင်းသူဟောင်းများ ပူဇော်ကန်တော့

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့ ဒဂုံတက္ကသိုလ် သင်္ချာဌာနမှ ဆရာ ဆရာမများနှင့် (၁၉၉၃- ၂၀၁၈)သင်္ချာစာရင်းအင်း ကျောင်းသားကျောင်းသူဟောင်းများစုပေါင်း၍ (၁၆)ကြိမ်မြောက် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ နံနက် ၉ နာရီက တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ကန်တော့ပွဲတွင် အငြိမ်းစားဆရာကြီး ဆရာမကြီး ၆၃ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းခွဲနှင့် လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ပြီး ဆရာ ဆရာမနှင့် ကျောင်းသားဟောင်း ၃၀၀ ကျော် တက်ရောက်ကြသည်။

ဆရာ ဆရာမကြီးများကိုယ်စား ပါမောက္ခ/ဌာနမှူး ဒေါက်တာသိန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသားဟောင်းများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးကျော်စွာမင်းတို့က အမှတ်တရစကားပြောကြားကြသည်။

ထို့နောက် ကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးဘုန်းနိုင်၊ အတွင်းရေးမှူး ဦးကျော်ဇင်ချစ်တို့က ပူဇော်ကန်တော့ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြကြသည်။

(၁၇)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **D မင်း**

# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်းကို နောက်ထပ် ပြစ်ဒဏ်စီရင်ချက်ချမှတ်

**ဒါကာ အောက်တိုဘာ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းနှင့် အတိုက်အခံခေါင်းဆောင် ခါလီဒါဇီယာကို အဂတိလိုက်စားမှုဆိုင်ရာ စွဲချက်များအရ နောက်ထပ် ထောင်ဒဏ်ခုနစ်နှစ် ကျခံစေရန် တရားရုံးတစ်ရုံးက ပြစ်ဒဏ်စီရင်ချက် ချမှတ်လိုက်ကြောင်း၊ ယင်းသို့ပြစ်ဒဏ်ချမှတ်ခြင်းသည် နိုင်ငံရေးအရ ရည်ရွယ်ဆောင်ရွက်ချက်၏ အကျိုးရလဒ်တစ်ခုဖြစ်သည်ဟု ဇီယာအားထောက်ခံသူများက ဝေဖန်ပြောကြားကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ရှိတ်ဟာစီနာ၏ ကာလရှည်ပြိုင်ဘက်တစ်ဦးဖြစ်သူ ဇီယာသည် အလွဲသုံးစားပြုမှုဆိုင်ရာ စွဲချက်များအရ ဖေဖော်ဝါရီလတွင် ထောင်ဒဏ်ငါးနှစ်ပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခံခဲ့ရသူဖြစ်ပြီး ပြစ်ဒဏ်ကိုကျခံနေရဆဲမှာပင် နောက်ထပ်ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံရခြင်းဖြစ်သည်။

တရားရုံး၏ ပြစ်ဒဏ်စီရင်ချက် ပေါ်ထွက်လာခဲ့ပြီးနောက် အတိုက်အခံ ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးဝါဒီပါတီ (ဘီအင်န်ပီ) အားထောက်ခံသူ လူထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြကြရာ ရဲတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ ဇီယာသည် ယင်းပါတီကို အကျဉ်းထောင်အတွင်းမှနေ၍ ယခုထက်တိုင်အောင်ပင် ဦးဆောင်နေဆဲ ဖြစ်သည်ဆို၏။

အသက် ၇၃ နှစ်ရှိ ဇီယာသည် အာဏာအလွဲသုံးခြင်း၊ ပရဟိတ ရန်ပုံငွေတစ်ရပ်သို့ လွှဲပေးရမည့် ငွေကြေး တာကာ ၃၁ ဒသမ ၅ သန်း (ဒေါ်လာ ၃၇၅၀၀၀) ကို အလွဲသုံးစားပြုခြင်းတို့ဖြင့် ပြစ်မှုထင်ရှား တွေ့ရှိရကြောင်း တရားသူကြီး မိုဟာမက်အက်တာရူဇမန်၏ စီရင်ချက်တွင် ဖော်ပြထားသည်။

ဇီယာအား နောက်ထပ်ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြင့် ၎င်းအနေဖြင့် ဟာစီနာအား နိုင်ငံရေးအရ စိန်ခေါ်နိုင်ရန် အခွင့်အလမ်းများ နည်းပါးသွားမည်ဟုမျှော်လင့်ရသည်။ ဟာစီနာသည် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသော ရွေးကောက်ပွဲ မကျင်းပမီတွင် သူ၏ နိုင်ငံရေး အတိုက်အခံများကို နှိပ်ကွပ်လျက်ရှိသည်ဟု ဝေဖန်မှုများ ပေါ်ထွက်လာသည်။

လောလောဆယ်တွင် ဇီယာ၏ ဘီအင်န်ပီပါတီက ပြစ်ဒဏ်စီရင်ချက်သစ် ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ ချက်ချင်းတုံ့ပြန် ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ဇီယာအား တရားစီရင်စစ်ဆေးမှုသည် အာဏာပိုင်များက နိုင်ငံရေးအရ ရည်ရွယ်ဆောင်ရွက်ချက်သာ ဖြစ်သည်ဟု သူ၏ရှေ့နေက မှတ်ချက်ပြုပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



# အင်ဒိုနီးရှား ခရီးသည်တင်လေယာဉ် ကမ်းလွန်ပင်လယ်အတွင်း ပျက်ကျ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်

**ဂျကာတာ အောက်တိုဘာ ၂၉**

အင်ဒိုနီးရှားနိုင်ငံ၌ လိုင်းရင်းအဲလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၂၉ ရက် နံနက်က နိုင်ငံအနောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်အတွင်းသို့ ပျက်ကျခဲ့ပြီးနောက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲ မူဟန်မက်ဆာဟူဂီက ပြောကြားသည်။

## ကလေးသုံးဦးပါဝင်

ခရီးသည်နှင့်လေယာဉ်အမှုထမ်း အပါအဝင် စုစုပေါင်း ၁၈၉ ဦးကို တင်ဆောင်ထားသည့် လေယာဉ်သည် ဂျကာတာမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ပျံတက်အပြီး ၁၃ မိနစ်အကြာတွင် အနောက်ဂျာဗားပြည်နယ် ကာရာဝမ်မြို့အနီး ကမ်းလွန်ပင်လယ်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လေယာဉ်ပေါ်တွင် လိုက်ပါခဲ့သူများထဲတွင် ကလေးသုံးဦးပါဝင်ကြောင်း ၎င်းကပြောကြားသည်။

လိုင်းရင်းအဲလေကြောင်း ခရီးစဉ်အမှတ် ဂျေတီ-၆၁၀ ပျံသန်းသည့် အဆိုပါ လေယာဉ်သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဘန်တန်ပြည်နယ် ဆိုကာနိုဟာတာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ရုံးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဆာဟူဂီက ပြောကြားသည်။



ပင်လယ်ထဲသို့ ပျက်ကျသွားသည့် လေယာဉ်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

## စေလွှတ်ထား

လေယာဉ်ပျက်ကျရာတွင် ရှာဖွေကယ်ဆယ်ရေးသမား ၁၃၀ နှင့် အခြားအဖွဲ့အစည်းများမှ အင်အား ၃၀ ကို စေလွှတ်ထားကြောင်း၊ ရေယာဉ်သုံးစင်း၊ ရဟတ်ယာဉ်တစ်စင်းနှင့် မော်တော်ဘုတ်အချို့ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှာ အဖွဲ့တစ်ဖွဲ့အနေဖြင့် ပျမ်းမျှ ရေအောက်မီတာ ၃၀ မှ ၃၅ မီတာအနက်တွင် ရှိနေသည့် လေယာဉ်ပျက်၏ အဓိကအစိတ်အပိုင်းဆီသို့ ရေငုပ်ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့အနေဖြင့် ရေအောက်သို့ ရောက်ရှိနေသော လေယာဉ်ပျက်၏ အဓိက အစိတ်အပိုင်းကို ရေငုပ်၍ထုတ်ယူရန် ကြိုးပမ်းနေကြောင်း၊၎င်းအစိတ်အပိုင်းကို မိမိတို့မြင်တွေ့ထားပြီးဖြစ်ကြောင်း၊ ဗော်ယာများ၊ လက်ကိုင်ဖုန်းနှင့် အပျက်အစီးအပိုင်းအစ အချို့ကို မိမိတို့ရှာဖွေတွေ့ရှိထားကြောင်း ၎င်းက ပြောကြားသည်။

ပျက်ကျခဲ့သော လိုင်းရင်းအဲခရီးသည်တင် လေယာဉ်တွင် ခရီးသည် ၁၈၁ ဦး အပါအဝင် လူပေါင်း ၁၈၉ ဦး လိုက်ပါသွားကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘမ်ဂန်းဟာဗင်က ပြောကြားသည်။

## သတင်းပေးပို့

ဘိုးရင်း ၇၃၇ မက်စ် ၈ အမျိုးအစားလေယာဉ်သည် ဆိုကာနိုဟာတာ လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၀ မိနစ်တွင် ပန်ကယ်ပီနန်းသို့ ဦးတည်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း၊အဆိုပါလေယာဉ်သည် ရေဒါမြင်ကွင်းမှမပျောက်ကွယ်မီတွင် ပျံတက်ခဲ့သည့်လေဆိပ်သို့ ပြန်လည်ဆင်းသက်ရန် လေကြောင်း ထိန်းသိမ်းရေးမျှော်စင်သို့ သတင်းပေးပို့ခဲ့ကြောင်း အာဗင်က ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဘရာဇီးရွေးကောက်ပွဲ၌ လက်ယာစွန်းရောက် နိုင်ငံရေးသမား အနိုင်ရ

**ဘရာဇီလီယာ အောက်တိုဘာ ၂၉**

ဘရာဇီးနိုင်ငံ၏ ရွေးကောက်ပွဲတွင် လက်ယာစွန်းရောက် နိုင်ငံရေးသမား ဂျေရာဘော်စိုနာရိုကို သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အောက်တိုဘာ ၂၈ ရက်က ကျင်းပသော ရွေးကောက်ပွဲ၌ ပြိုင်ဘက်ဖြစ်သူ လက်ဝဲဝါဒီ နိုင်ငံရေးသမား ဖာနန်ဒိုဟတ်ဒက်ကို ၁၀ ရာခိုင်နှုန်း အသာရရှိကာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။

ဟတ်ဒက်သည် အလုပ်သမားများအရေးဘက်မှ ရပ်တည်ပြီး ဘော်စိုနာရိုက အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဆင်းရဲသားများကို ကူညီထောက်ပံ့ပေးရေးဘက်မှ တိုက်တွန်းသူ ဖြစ်သည်။ ဘော်စိုနာရိုသည် လက်ရှိအစိုးရကို မကျေနပ်သော အလယ်အလတ် ဝင်ငွေရှိသူများနှင့်ချမ်းသာသူများ၏ ထောက်ခံမှုကို ရရှိခဲ့သည်။

စစ်အရာရှိဟောင်း ဘော်စိုနာရိုကို ဘရာဇီးနိုင်ငံ၏ဒေါ်နယ်ထရန့်ဟုတင်စား ခေါ်ဝေါ်ကြသည်။မဲဆွယ်စည်းရုံးရေးကာလအတွင်း ဘရာဇီးနိုင်ငံကို ဩဇာအာဏာရှိသောနိုင်ငံဖြစ်လာစေရန်ကြိုးပမ်းမည်ဟု မဲဆွယ်စည်းရုံးခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ယူအေအီး၏ ပထမဆုံးသော ပြည်တွင်းဖြစ် ဂြိုဟ်တု ဂျပန်ဒုံးယာဉ်ဖြင့် အောင်မြင်စွာ လွှတ်တင်

**ဒူဘိုင်း အောက်တိုဘာ ၂၉**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံတွင် ပထမဆုံး တည်ဆောက်သည့် ဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံမှနေ၍ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ဒုတိယသမ္မတတာဝန်နှင့် ဝန်ကြီးချုပ်တာဝန်တို့ကို ရယူထားသော မင်းသား ရှိတ်မိုဟာမက် ဘင်ရာရှစ် အယ်လ်မတ်တိုရွန်က ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ အောက်တိုဘာ ၂၉ ရက်သည် ယူအေအီးနိုင်ငံအတွက် ကာလီဖာဆက်ဟု အမည်ပေးထားသည့် ဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်နိုင်သည့် သမိုင်းဝင်နေ့ရက်တစ်ရက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကာလီဖာဆက်ဂြိုဟ်တုကို မစ်ဆူဘီရှိအကြီးစားစက်မှုလုပ်ငန်းက ထုတ်လုပ်သည့် အိပ်ချ်-၂ အေ အမျိုးအစားဒုံးယာဉ်ဖြင့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ခဲ့ကြောင်း ယူအေအီးအစိုးရအဖွဲ့ အကြီးအကဲက ပြောကြားသည်။

အောက်တိုဘာ ၂၉ ရက်တွင် အဆိုပါ ဂြိုဟ်တုအား လွှတ်တင်ပုံကို ယူအေအီးနိုင်ငံရှိ ရုပ်မြင်သံကြား ထုတ်လွှင့်သည့် ဌာနအချို့က တိုက်ရိုက် ထုတ်လွှင့်ပြသပေးခဲ့ပြီး ဒူဘိုင်းအစိုးရ၏ မီဒီယာဝက်ဘ်ဆိုက်၌လည်း လွှင့်တင်ခဲ့သည်။

ဂျပန်နိုင်ငံရှိ တာနီဂါရှီးမား အာကာသစခန်းမှ လွှတ်တင်ခဲ့ပြီးနောက် အဆိုပါဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း ကြိုတင်စီစဉ်ထားသည့်နေရာသို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့ကြောင်း ဒူဘိုင်းမီဒီယာဌာန၏ အင်တာနက်တွစ်တာစာမျက်နှာ၌ ဖော်ပြခဲ့သည်။

ကာလီဖာဆက်ဂြိုဟ်တုသည် အလေးချိန် ၃၃၀ ကီလိုဂရမ်ရှိပြီး အမြင့် နှစ်မီတာနှင့် ဗြက် ၁ ဒသမ ၅ မီတာရှိကာ မိုဟာမက် ဆင်ရာရှစ် အာကာသဌာနမှ ယူအေအီးနိုင်ငံသား အင်ဂျင်နီယာ ၇၀ တို့က ပုံစံထုတ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယူအေအီး သမ္မတ ရှိတ်ကာလီဖာ ဗင်ဇေယက်အယ်လ်နာရန်၏ အမည်အား ဂုဏ်ပြု၍ ယင်းဂြိုဟ်တုကို ကာလီဖာဆက်ဟု အမည်ပေးထားခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်တု၏သက်တမ်းမှာ ငါးနှစ်ရှိမည်ဖြစ်သည်။

၂၀၂၀ ခုနှစ် အရောက်တွင် နောက်ထပ် အာကာသအစီအစဉ်အဖြစ် အင်္ဂါဂြိုဟ်သို့ အာကာသမစ်ရှင်တစ်ခုစေလွှတ်ရန် ယူအေအီးနိုင်ငံက ရည်မှန်းချက်ထားရှိပြီး ၂၁၁၇ ခုနှစ်တွင် အင်္ဂါဂြိုဟ်ပေါ်တွင် ပထမဆုံးလူနေမြို့တစ်မြို့ တည်ဆောက်ရန် ယူအေအီးက အစီအစဉ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# ပီအက်စ်ဂျီအသင်း လိဂ်ပွဲစဉ် ၁၁ ပွဲဆက်နိုင်ပွဲရရှိခဲ့ပြီး ၁၉၆၀-၆၁ ဘောလုံးရာသီက စပါးအသင်းရဲ့ စံချိန်ကို လိုက်မီခဲ့



အမ်ဘာတ်ပီ

ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းလိဂ်ပွဲစဉ် ၁၁ အဖြစ် မာဆေးလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် လက်ရှိမှာ လိဂ်ပွဲစဉ် ၁၁ ပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းသစ်တစ်ရပ်စိုက်ထူနိုင်ခဲ့ပြီး အဲဒီလိုအနိုင်ရရှိခဲ့တာဟာ ၁၉၆၀-၆၁ ဘောလုံးရာသီက စပါးအသင်းရဲ့ ၁၁ ပွဲဆက်နိုင်ပွဲဆက်မှုစံချိန်ကို လိုက်မီခဲ့တာဖြစ်ပါတယ်။

မာဆေးလ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၆၅ မိနစ်မှာ အမ်ဘာတ်ပီကလည်းကောင်း၊ ပွဲကစားချိန် ၉၅ မိနစ်မှာ ဒရက်ဇ်လာကလည်းကောင်း သွင်းယူပေးခဲ့ကြတာ ဖြစ်ပါတယ်။ တိုက်စစ်မှူး အမ်ဘာတ်ပီဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိမှာ ပြင်သစ်ပထမတန်းလိဂ်သွင်းဂိုး ၁၀ ဂိုးအထိ ရှိသွားခဲ့ပြီဖြစ်ပါတယ်။ အမ်ဘာတ်ပီဟာ ပြင်သစ်ပထမတန်းလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၁၀ ဂိုးနဲ့ ဂိုးအများဆုံး သွင်းယူ ထားနိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်နေပါတယ်။

အမ်ဘာတ်ပီရဲ့နောက်မှာတော့ နန့်တက်စ်ကစားသမား ဆာလာနဲ့ ပီအက်စ်ဂျီ တိုက်စစ်မှူး နေမာတို့က သွင်းဂိုးရှစ်ဂိုးစီနဲ့ ဒုတိယသွင်းဂိုးအများဆုံးကစားသမားတွေအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ လက်ရှိအမှတ်ပေးဇယားမှာ ရမှတ် ၃၃ မှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပြီး အမှတ်ပေးဇယားရဲ့ဒုတိယနေရာမှာတော့ လိုင်လီအသင်းက ရမှတ် ၂၅ မှတ်နဲ့ ရပ်တည်နေတာဖြစ်ပါတယ်။



လိုပက်တီဂေး



အန်တိုနီယိုကွန်တီ

## ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြ လိုပက်တီဂေးနေရာမှာ ချယ်လ်ဆီးနည်းပြဟောင်း အန်တိုနီယိုကွန်တီနဲ့ အစားထိုးမည်ဟုဆို

စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ လက်ရှိနည်းပြ လိုပက်တီဂေးနေရာမှာ ချယ်လ်ဆီးအသင်းနည်းပြဟောင်း အန်တိုနီယိုကွန်တီနဲ့ အစားထိုးဖို့စီစဉ်နေတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဘာစီလိုနာအသင်းနဲ့ ကစားခဲ့တဲ့ အယ်လ်ကလက်စီကိုပွဲစဉ်မှာ ဘာစီလိုနာအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အဲဒီလိုရှုံးနိမ့်ခဲ့လို့ နည်းပြ လိုပက်တီဂေးကို ထုတ်ပယ်ဖို့ ရီးယဲလ်မက်ဒရစ်အသင်းက စီစဉ်ခဲ့တာဖြစ်ပါတယ်။

အယ်လ်ကလက်စီကိုပွဲစဉ်မှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဟာ ၂၀၀၉ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စပိန်လာလီဂါသုံးပွဲဆက်ရှုံးနိမ့်မှုနဲ့လည်း ကြုံခဲ့ရပါတယ်။

လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ လာလီဂါအမှတ်ပေးဇယား အဆင့် ၉ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး ထိပ်ဆုံးက ဦးဆောင်နေတဲ့ ဘာစီလိုနာအသင်းနဲ့ ခုနစ်မှတ်ကွာနေတာဖြစ်ပါတယ်။

နည်းပြလိုပက်တီဂေးကို တရားဝင်ထုတ်ပယ်ဖို့ အောက်တိုဘာ ၂၉ ရက်မှာ ရီးယဲလ်မက်ဒရစ်အသင်း အမှုဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြတာဖြစ်ပြီး ချယ်လ်ဆီးအသင်းနည်းပြဟောင်း ကွန်တီနဲ့အစားထိုးမယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ နည်းပြလိုပက်တီဂေးလက်ထက်မှာ အခုနှစ်ဘောလုံးရာသီအတွင်း ငါးပွဲအထိ ရှုံးပွဲကြုံခဲ့ရပြီး စပိန်လာလီဂါလေးပွဲနဲ့ စီအက်စ်ကေအေမော်စကိုအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ချန်ပီယံလိဂ်တစ်ပွဲတို့ဖြစ်ပါတယ်။

ကွန်တီဟာ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းက ကွန်တီကို ခေါ်ယူဖို့နွေရာသီအပြောင်းအရွှေ့ကာလမှာ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။

## ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားရရှိရန် ဒုတိယအသင်းခေါင်းဆောင် အက်ပီလီကူတာ မျှော်လင့်နေ

ချယ်လ်ဆီးအသင်းရဲ့ ဒုတိယအသင်းခေါင်းဆောင်ဖြစ်တဲ့ အက်ပီလီကူတာဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားရရှိဖို့ မျှော်လင့်နေတယ်လို့ ဂိုးလ်ဒေါ့ကွန်းက ဆိုပါတယ်။

ချယ်လ်ဆီးအသင်းဟာ အောက်တိုဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၀ မှာလည်း ဘန်လေအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲကစားချိန် ၂၂ မိနစ်မှာ မိုရက်တာ၊ ပွဲကစားချိန် ၅၇ မိနစ်မှာ ဘာကလေ၊ ပွဲကစားချိန် ၆၂ မိနစ်မှာ ဝီလီယံနဲ့ ပွဲကစားချိန် ၉၂ မိနစ်မှာ လော့ဖ်တက်ချိခ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ လော့ဖ်တက်ချိခ်ဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့သူဖြစ်ပြီး လက်ရှိမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဂိုးနှစ်ဂိုးသွင်းယူထားတာလည်းဖြစ်ပါတယ်။

အဲဒီလိုအနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းနဲ့ စပါးအသင်းတို့ မကစားမီအချိန်အထိ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့်၂ နေရာမှာ ရပ်တည်ထားနိုင်ခဲ့ပါတယ်။

လက်ရှိနည်းပြ ဆာရီဟာလည်း ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ် ၁၀ ပွဲမှာ ရှုံးပွဲမရှိစံချိန်ထိန်းထားနိုင်ခဲ့တဲ့ ပထမဆုံးနည်းပြလည်းဖြစ်လာခဲ့ပါတယ်။



အက်ပီလီကူတာ



ဖီးလ်ဖိုဒန်

## မန်စီးတီးကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်အား ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေ

ဂျူဗင်တပ်အသင်းသည် မန်စီးတီးအသင်းကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်သည် လာမည့်ဘောလုံးရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၁၇၅၀၀၀ ပေး၍ ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။

မန်စီးတီးအသင်းကလည်း ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်အား စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ငွေကြယ် - ရေးသားသည်

### ဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် အာဆင်နယ်အသင်းကွင်းလယ်ကစားသမား ရမ်ဆေးအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- **ကမ္ဘာတွင် ပရီမီယာလိဂ်မှာ အပြင်းထန်ဆုံးသောလိဂ်ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း မန်စီးတီးနောက်ခံလူ ဝွန်စတုန်းက ပြောကြားခဲ့သည်။**
- ပိုလန်ကွင်းလယ်ကစားသမား ဇီလင်စကီးသည် နာပိုလီအသင်းနှင့် စာချုပ်သစ်ချုပ်ရန် ပစ်မှတ်ထားလျက်ရှိသည်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

**လားရှိုးမြို့နယ်**

မူးယစ်တပ်ဖွဲ့စု ၂၄ (လားရှိုး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေ ၃ နာရီခွဲက လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖကျေးရွာအဝင်တွင် ဒေါ်တင်တင်မြင့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ငွေကျပ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ကုန်းကြမ်းမြို့နယ်**

ထို့အတူ ယင်းနေ့ ညနေပိုင်းက တပ်မတော်မှ ကုန်းကြမ်းမြို့နယ် တာရှန်ကျေးရွာအနီး လမ်းဆုံတွင် အကောက် မောင်းနှင်ပြီး အလန် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈၀၊ ဘိန်းဖြူ ဂရမ် ၄၀၊ အိုက်စ် ၂၆ ဂရမ်၊ ငွေကျပ် ၅၀၀၀ နှင့် တရုတ်ငွေ ၇၂ ယွမ်တို့ကို လည်းကောင်း။

**မဘိမ်းမြို့နယ်**

အလားတူ ယနေ့မွန်းလွဲ ၂ နာရီက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မဘိမ်း-ငါးအိုးသွားကားလမ်းတွင် မာဂွန်း မောင်းနှင်ပြီး မာဂန်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ပီနံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မာဂန်နှင့် မာဂွန်းတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# လေအေးပေးစက် အပူလွှန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးမြို့ စိန်ထွန်းရပ်ကွက် လက်ဝဲသုန္ဒရလမ်းသွယ်ရှိ ရေခဲမုန့်လုပ်ငန်းလုပ်ကိုင်သည့် နေအိမ်နောက်ဘက်မှ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေအိမ်နောက်ဘက်ရှိ လေအေးပေးစက် အပူလွှန်ကဲရာမှ အခန်းနံရံသို့ မီးကူးစက်ပြီး နှစ်ထပ်နေအိမ်ဆောင် လောင်ကျွမ်းခဲ့သည်။

အခင်းဖြစ်နေရာသို့ ပဲခူးနယ်မြေမီးသတ်စခန်း(၁)နှင့်(၃)မှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်ရေယာဉ် နှစ်စီးနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ်ပိုင်ရှင် ဦးသန်းဇော်ထူးအား ပဲခူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂ ဒသမ ၄၁၁ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၆ သန်း) စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၆၂၇ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ခြောက်ဘီးယာဉ် နှစ်စီး၊ Nissan ယာဉ် တစ်စီး၊ Toyota Wish ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်နှင့် လျှပ်စစ်ပစ္စည်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၄၁၁ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၄၀ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် နံနက် ၁ နာရီခွဲတွင် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် မြန်မာနိုင်ငံဘက်ခြမ်း ဦးစောလှကျွန်း မြောက်ဘက်အနီး၌ သစ်သားလက်ခတ်လှေတစ်စင်းကို တွေ့ရှိရသဖြင့် စစ်ဆေးရန် အချက်ပြခေါ်ယူသော်လည်း ထွက်ပြေးသွားခဲ့ကြောင်း၊ သို့ဖြစ်၍ သတိပေးပစ်ခတ်ရာ လှေပေါ်ပါလာသူများ ရေထဲသို့ ခုန်ချထွက်ပြေးသွားခဲ့ပြီး လှေပေါ်မှ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၄၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန္တလေးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ခန့် သိမ်းဆည်းရမိ



မျိုးမင်းမြတ်စံ(ခ) အာနိုး(ခ)မျိုးကိုနှင့် အောင်စိုးမင်းတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ၁၈ မန္တလေး(တောင်)မှ တပ်ဖွဲ့ဝင်များနှင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ချမ်းမြသာစည်မြို့နယ် မြို့သစ် ၂ ရပ်ကွက်ရှိ အောင်မြေမြို့နယ် လက်သစ်လှေတန်းရပ်ကွက်နေ မျိုးမင်းမြတ်စံ(ခ) အာနိုး(ခ)မျိုးကို၏ အိပ်ခန်းကို ရှာဖွေရာ ၎င်းနှင့်အတူ အောင်စိုးမင်းအား တွေ့ရှိပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၃ ပြားကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ည ၈ နာရီခန့်တွင် ကျောက်ဆည်မြို့နယ် မင်းစု-စပါယ်တောကျေးရွာသွား ကားလမ်းပေါ်ရှိ ပန်းလောင်မြစ်ကူးတံတားအနီးတွင် ပြေစိုးအား တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# မြဝတီမြို့နယ်တွင် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ကြက်ခြင်းများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးဖမ်းဆီးရမိ

**မြဝတီ အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ကြက်ခြင်းများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးကို အောက်တိုဘာ ၂၈ ရက် ညပိုင်းက ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိခဲ့သည်။

အောက်တိုဘာ ၂၈ ရက် ည ၈ နာရီခွဲခန့်က သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာ ညီနောင်ဦး ကုမ္ပဏီဝင်းအတွင်း တရားမဝင်တင်သွင်းလာသည့် ကြက်ခြင်းများတင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်း တင်မျိုးနှင့် ယာဉ်နောက်လိုက် ညီညီလွင်တို့လိုက်ပါသည့် 7J/--- နစ်ဆန်း အပြာရောင်ယာဉ်နှင့် ယာဉ်မောင်းဇင်မင်းနောင်နှင့် ယာဉ်နောက်လိုက် ဝင်းမင်းထွန်းတို့ လိုက်ပါလာသည့် 5J/----- နစ်ဆန်း အဝါရောင်ယာဉ်တို့တွင် ကြက်ခြင်း ၁၀၀ စီ တင်ဆောင်ထားသည်ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ယာဉ်နှစ်စီးပေါ်မှ ကြက်ခြင်း ၂၀၀ တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့နှစ်ဦးအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# ညောင်လေးပင်မြို့နယ်တွင် ကျွန်းပရိဘောဂပစ္စည်းများ တင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး ဖမ်းမိ

**ညောင်လေးပင် အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွဲ့န်တန်ဆာရဲစခန်းအပိုင် စံဖဲကျေးရွာအနီး၌ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျွန်းပရိဘောဂပစ္စည်းများ တင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်(၉၅/၁)အနီး၌ သတင်းအရ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းစံလင်း နွားထိုးကြီးမြို့နယ် မင်းတဲကျေးရွာနေသူ မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် စက္ကူဖာများအတွင်း တရားမဝင် ကျွန်းသစ်ဖြင့် ပြုလုပ်ထားသော ပွတ်လုံး၊ ခုတင်၊ ဆက်တီ၊ ပန်းကနုတ်တံခါးရွက်များ ပါဝင်သော အိမ်သုံးပရိဘောဂပစ္စည်း ၃ ဒသမ ၅၆၀၂ တန်အား စက္ကူဖာများအောက်တွင်ဖုံး၍ သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိ၍ ယာဉ်မောင်း စံလင်းအား ပွဲ့န်တန်ဆာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မြဝတီ-ကော့ကရိတ် အာရှလမ်း၌ ခရီးသည်တင်ယာဉ် အရှိန်မထိန်းနိုင်၍ ခြောက်ဘီးယာဉ်အား ဝင်တိုက်

**မြဝတီ အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် မြဝတီ-ကော့ကရိတ် အာရှလမ်း ကွမ်းခြံကုန်းအောက်ကွေ့တွင် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက ခရီးသည်တင်မှန်လုံယာဉ်က အရှိန်မထိန်းနိုင်၍ ရှေ့မှမောင်းနှင်နေသည့် ခြောက်ဘီးယာဉ်အား ဝင်တိုက်ခဲ့မှုဖြစ်ပွားခဲ့သည်။

သတင်းအရ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးသည့် ရဲတပ်ဖွဲ့များက သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်းဇော်ဝင်း မောင်းနှင်သည့် ခြောက်ဘီးယာဉ်သည် ကော့ကရိတ်မှ မြဝတီသို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၁၅၉ အနီး ကွမ်းခြံကုန်းအောက်ကွေ့အရောက် နောက်မှလိုက်ပါလာသော ယာဉ်မောင်း ဦးဆေး မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ခရီးသည် ၂၆ ဦး တင်ဆောင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိကာ ခြောက်ဘီးယာဉ်မှာ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် မှန်လုံယာဉ်မောင်း ဦးဆေးတွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသွားပြီး ခရီးသည်များမှာ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးဆေးအား သဃ်န်းညီနောင်နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(င) တစ်နည်းနည်းဖြင့်ပေါင်နှံခြင်း သို့မဟုတ် အာမခံပေး၍ ပေါင်နှံခြင်းဖြင့် လူမွဲဖြစ်မှု မရပ်စဲသေးသော လူမွဲမှ ပိုင်ဆိုင်သည့် ကုန်စည်များကို တစ်စုံတစ်ယောက်က လက်ဝယ်ရယူထားသည့်ကိစ္စတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ယင်းပစ္စည်းကို စစ်ဆေးလိုကြောင်း လက်ဝယ်ရယူထားသူထံသို့ အကြောင်းကြားစာပေးပို့၍ ကြည့်ရှုစစ်ဆေးနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ အကြောင်းကြားစာတစ်ရပ် ပေးပို့ထားခဲ့သည့်ကိစ္စတွင် ထိုပစ္စည်းလက်ဝယ်ရှိသူအနေဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအား ထိုကုန်ပစ္စည်းကို စစ်ဆေးရန်အခွင့်အရေးနှင့် လူမွဲအားပြန်လည်ရွေးနုတ်ရန် အခွင့်အရေးကို ကျိုးကြောင်းဆီလျော်စွာ ပေးအပ်ခဲ့ခြင်းမရှိလျှင် ထိုသူသည် မိမိရရှိထားသော အာမခံပစ္စည်းအား ထုခွဲရောင်းချခြင်းကို တရားရုံး၏ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခွင့်မရှိစေရ။

(ဆ) လူမွဲ၏ပစ္စည်း သို့မဟုတ် ကုန်စည်သည် လူမွဲပိုင်ပစ္စည်းတွင် ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားသည့် လူမွဲ၏ပစ္စည်း သို့မဟုတ် ကုန်စည်ဆိုသည့်စကားရပ်တွင် ပါဝင်စေရမည်။

**ယာယီပစ္စည်းထိန်းအား ခန့်အပ်ရန်အခွင့်အာဏာ**

၂၇၂။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားပြီးနောက် ထိုအမိန့် ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို မြီစား၏ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်မည်ဟု ထင်မြင်ယူဆပါက တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

(ခ) အပိုင်း (၆) လုပ်ငန်းစဉ်ကို ဆောင်ရွက်ခံရသူတစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ ယင်းအပိုင်း (၆) လုပ်ငန်းစဉ်မှ ပြန်လည်ထူထောင်ရေး အကြံပေးအား တရားရုံးက ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

(ဂ) ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် တရားရုံးသည် ယာယီပစ္စည်းထိန်း၏လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ချုပ်ချယ်သည့် တားမြစ်ချက်များအား ထည့်သွင်းချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့် အမိန့်ချမှတ်ရာတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ပိုင်းကို ယာယီပစ္စည်းထိန်းက ချက်ချင်း လက်ရောက်ရယူစေရန် ယင်းအမိန့်တွင် ထည့်သွင်းချမှတ်ရမည်။

(င) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့် အမိန့်ချမှတ်ရာတွင် ယာယီပစ္စည်းထိန်းမှ အခါအားလျော်စွာ ရရှိခွင့်ရှိမည့် အခကြေးငွေကို သတ်မှတ်ဖော်ပြနိုင်သည်။

(စ) တရားရုံးက ပုဒ်မခွဲ (ဂ) အရ အမိန့်တစ်ရပ်ချမှတ်ခြင်း မပြုလျှင် ဤပုဒ်မအရ ခန့်အပ်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးသည် မြီစားပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအခွင့်အရေး၊ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များရရှိစေရမည်-

(၁) မြီစားပိုင်ပစ္စည်းများတွင်ပျက်စီးလွယ်သည့် ကုန်ပစ္စည်းများ သို့မဟုတ် အမှုအတွင်း တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုပါက တန်ဖိုးယုတ်လျော့သွားနိုင်သော ကုန်ပစ္စည်းများပါရှိလျှင် ယင်းကုန်ပစ္စည်းကို ရောင်းချခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(၂) လိုအပ်သည်ဟု ထင်မြင်ပါက မြီရှင်များအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခြင်း။

(ဆ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းအား တရားရုံးမှ ညွှန်ကြားချက်မရှိဘဲ ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုန်ကျစရိတ်ရှိသော လုပ်ငန်းများကို လုပ်ကိုင်စေရန် အခွင့်အာဏာပေးအပ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(ဇ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးက မြီစားပိုင်ပစ္စည်းများတွင်ပါဝင်ခြင်းမရှိသောပစ္စည်းတစ်ရပ်ရပ်အား သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုရာတွင် ၎င်း၏ တမင်ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုမှတစ်ပါး အခြားသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ထံသို့ ပေးလျော်ရန်တာဝန်မရှိစေရ။ သို့ရာတွင် ယာယီပစ္စည်းထိန်းတစ်ဦးအနေဖြင့် ထိုသို့သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလုပ်စဉ်က ထိုသို့ပြုလုပ်ရန် မိမိတွင် လုပ်ပိုင်ခွင့်ရှိကြောင်း ဆီလျော်သောအကြောင်းအချက်ရှိသည်ဟု မိမိကိုယ်တိုင်က ထင်မြင်ယုံကြည်၍ ပြုလုပ်ခြင်းဖြစ်ရမည်။

(ဈ) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားပြီးနောက် မြီစားသည် ယာယီပစ္စည်းထိန်းအား ၎င်း၏တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန်အတွက် လိုအပ်သော ပစ္စည်းစာရင်းနှင့် အချက်အလက်များကို ပေးအပ်ရမည့်အပြင် ယာယီပစ္စည်းထိန်းက အခါအားလျော်စွာ တောင်းခံသော အခြားလိုအပ်သည့် အကူအညီများကိုလည်း မပျက်မကွက် ဆောင်ရွက်ပေးရမည်။

(ည) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားရာတွင် ထိုသို့ခန့်ထားသည့်အချိန်နှင့် လူမွဲခံယူစေရန် လျှောက်ထားချက်အရ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်သည့်အချိန် သို့မဟုတ် ထိုလျှောက်လွှာကို ပလပ်သည့် အချိန်ကာလအထိ ကြားကာလတွင် ပုဒ်မ ၂၅၆ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ဋ) အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် မြီစားပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားခြင်းသည် ရပ်စဲစေရမည် -

(၁) ထိုမြီစားအပေါ် လျှောက်ထားသည့် လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ပေးရန် လျှောက်လွှာအား ပလပ်လိုက်သည့်အခါ၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာအရ မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်လိုက်သည့်အခါ၊

(၃) ထိုသို့ခန့်ထားမှုကို အခြားတစ်နည်းနည်းဖြင့် ရပ်စဲစေရန် တရားရုံးက အမိန့်ချမှတ်လိုက်သည့်အခါ။

(ဌ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ခြင်းခံခဲ့ရလျှင် ပစ္စည်းတစ်ရပ်သည် နောင်တွင်လူမွဲ၏ပစ္စည်းတွင်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ လူမွဲပိုင်ပစ္စည်းများအဖြစ် ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားချက်များ၌ ၎င်း၏ ပစ္စည်းများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်။

**လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်**

၂၇၃။ (က) မြီစားတစ်ဦး၏ လျှောက်ထားချက်အရမှတစ်ပါး လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်သည့်အခါ လူမွဲဖြစ်သူမြီစားသည် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ မိမိ၏ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ကို လူမွဲဖြစ်မှုစတင်သည့်နေ့မှစ၍ ၂၁ ရက် ကုန်ဆုံးခြင်းမရှိမီ နည်းဥပဒေဖြင့် သတ်မှတ်ထားချက်များနှင့်အညီ တင်သွင်းရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် -

(၁) ပုဒ်မခွဲ (က) အရ လူမွဲဖြစ်သူမြီစားအပေါ် တင်ရှိသည့်တာဝန်မှ ကင်းလွတ်ခွင့်ပေးခြင်း၊ သို့မဟုတ်

(၂) ပုဒ်မခွဲ (က) အရ သတ်မှတ်ကာလကို တိုးချဲ့သတ်မှတ်ပေးခြင်းပြုနိုင်သည်။ သို့ရာတွင် ဤပုဒ်မအရ အပ်နှင်းထားသော အခွင့်အာဏာကို ယုံမှတ်အပ်နှံခြင်းခံရသူမှ ကျင့်သုံးရန် ငြင်းဆိုလျှင် တရားရုံးသည် ထိုအခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ -

(၁) ဤပုဒ်မတွင် ဖော်ပြသတ်မှတ်ထားသော တာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊

(၂) လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို နည်းဥပဒေပါသတ်မှတ်ချက်များနှင့်အညီ တင်သွင်းခြင်းမပြုလျှင်။

၎င်းသည် ဤဥပဒေဖြင့်သတ်မှတ်ထားသော ပြစ်ဒဏ်များချမှတ်ခြင်းခံရမည့်အပြင် တရားရုံး မထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ စုံစမ်းထောက်လှမ်းမှုပြုရန် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၇၄။ (က) ခန့်အပ်ခြင်းခံရပြီးနောက် ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ချမှတ်ခြင်းမပြုမီ လူမွဲဖြစ်သူမြီစား၏ လုပ်ငန်းကိစ္စရပ်များနှင့် ဆောင်ရွက်မှုများအပါအဝင် လုပ်ငန်းကိစ္စများနှင့် ဆောင်ရွက်မှုများကို စုံစမ်းထောက်လှမ်းခြင်း၊

(၂) တွေ့ရှိချက်ကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း။

(ခ) ထိုပုဒ်မခွဲအရ စုံစမ်းစစ်ဆေးရန်လိုအပ်ခြင်းမရှိဟု ယုံမှတ်အပ်နှံခြင်းခံရသူက ထင်မြင်ယူဆသည့်အခါ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ။

(ဂ) ဤပုဒ်မအရ တင်ပြသော ယုံမှတ်အပ်နှံခြင်းခံရသူ၏ အစီရင်ခံစာသည် လူမွဲမှုခင်းများတွင် ဦးစွာအမြင်အားဖြင့် ခိုင်မာသည့်သက်သေခံချက်ဖြစ်စေရမည်။

**လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်မေးခြင်း**

၂၇၅။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်ပြီးချိန်မှစ၍ လူမွဲအဖြစ်ရပ်စဲသည့် အမိန့်ချမှတ်ခြင်း မပြုမီကာလအတွင်း မည်သည့်အချိန်ကာလတွင်မဆို ထိုလူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာခွင့်ပြုရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးမှ အခြားနည်းဖြင့် အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာပေးခွင့်ပြုရန် အကြောင်းကြားစာပေးပို့သူ မြီရှင်အပါအဝင် ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ထက်ဝက်ထက်မနည်း ပိုင်ဆိုင်သူမြီရှင်များ၏သဘောတူညီချက်ဖြင့် မြီရှင်တစ်ဦးက နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်းဆိုသည့် အကြောင်းကြားစာကိုရရှိပါက ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မခွဲ (က) အရ လျှောက်လွှာကို တင်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ တရားရုံးသည် လူမွဲဖြစ်သူ မြီစားအား သတ်မှတ်သည့်နေ့ရက်တွင် အများပြည်သူရှေ့မှောက်၌ စစ်ဆေးကြားနာမည်ဖြစ်ကြောင်း ညွှန်ကြားရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်သည့်နေ့ရက်တွင် လူမွဲဖြစ်သူမြီစားသည် လာရောက်ရမည့်အပြင် ၎င်းပိုင်ဆိုင်သောလုပ်ငန်းကိစ္စများ၊ ဆက်သွယ်ဆောင်ရွက်ချက်များနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းမှုကို ခံယူရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များသည် လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာရာ၌ မြီစားပိုင်ဆိုင်သော ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းများ၊ လုပ်ငန်းကိစ္စများ၊ လုပ်ငန်းများမအောင်မြင်ရသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ လူမွဲဖြစ်သူမြီစားအပေါ်၌ စစ်ဆေးမေးမြန်းနိုင်သည်။

(၁) အတည်ပြုခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၂) တရားဝင်ပစ္စည်းထိန်း၊ နှင့်

(၃) လူမွဲမှုခင်းတွင် လူမွဲဖြစ်သူမြီစားအပေါ် ကြွေးမြီတင်ရှိကြောင်း သက်သေပြနိုင်သည့် မြီရှင်များ။

(င) လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မအရ ပြုလုပ်သော တရားရုံးရှေ့မှောက်တွင် စစ်ဆေးမေးမြန်းရာ၌ တရားရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

**လူမွဲဖြစ်သူမြီစားက ဆောင်ရွက်ပေးရမည့် တာဝန်များ**

၂၇၆။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ခြင်းခံရပါကလူမွဲသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(၁) မိမိ၏လက်ဝယ်တွင်ရှိသော ပစ္စည်းများကို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန်၊

(၂) မည်သည့်စစ်ဆေးစီရင်မှုတွင်မဆို ထုတ်ဖော်ပြောဆိုခြင်းမှ ကင်းလွတ်ခွင့်ရသော အကြောင်းအရာများအပါအဝင် ၎င်းပိုင်ပစ္စည်းများနှင့် သက်ဆိုင်ပြီး ၎င်း၏လက်ဝယ် သို့မဟုတ် စီမံခန့်ခွဲမှုအောက်တွင် ရှိနေသော စာအုပ်စာရွက်စာတမ်းများနှင့် မှတ်တမ်းများကိုလည်း တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန်။

(ခ) လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်သည့် အချို့သောပစ္စည်းများမှာ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် မဖြစ်နိုင်သော ပစ္စည်းများဖြစ်သည့် ကိစ္စနှင့် လူမွဲပိုင်ပစ္စည်းဖြစ်ကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူက တောင်းဆိုနိုင်သော ပစ္စည်းတစ်ရပ်ရပ်ဖြစ်သည့်ကိစ္စများတွင် ထိုသို့သော အရာဝတ္ထုများ သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ အကာအကွယ်ပေးရန်အတွက် ယုံမှတ်အပ်နှံခြင်းခံရသူက ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသည့်နည်းလမ်းများအတိုင်း အားလုံးကို ဆောင်ရွက်ပေးရန် လူမွဲတွင်တာဝန်ရှိရမည်။

(ဂ) လူမွဲသည်-

(၁) ၎င်းပိုင်ပစ္စည်းများ၏စာရင်းနှင့် အခြားလိုအပ်သော အချက်အလက်များကို ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပေးအပ်ရမည့်အပြင်၊

(၂) ဤအပိုင်းပါ ရည်ရွယ်ချက်တစ်ရပ်အလို့ငှာ ကျိုးကြောင်းဆီလျော်စွာ ဆင့်ဆိုသည့်ကိစ္စများတွင် ယုံမှတ်အပ်နှံခြင်းခံရသူအား လာရောက်ကူညီဆောင်ရွက်ပေးရမည်။

(ဃ) လူမွဲဖြစ်သူအနေဖြင့် လူမွဲအဖြစ်မှ ရပ်စဲသွားသည့်တိုင်အောင် ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(င) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရသူသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မအရ သတ်မှတ်ထားသော တာဝန်များကို လိုက်နာရန်ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသောပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

## အခန်း(၄)
## လူမွဲမှုခင်းမှ ယုံမှတ်အပ်နှံခြင်းခံရသူများ
## ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးသက်တမ်း

**ခန့်အပ်ခြင်း**

၂၇၇။ (က) မည်သူမဆို ဤဥပဒေအပိုင်း (၃) ပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားခြင်း မရှိလျှင် လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ခန့်အပ်ခြင်းမခံထိုက်စေရ။

(ခ) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူ တစ်ဦးအဖြစ် ခန့်အပ်ရန် အခွင့်အာဏာတစ်ရပ်တွင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများကို ပူးတွဲယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ခန့်အပ်နိုင်သည့်အခွင့်အာဏာလည်း ပါဝင်စေရမည်။ သို့ရာတွင် ထိုသို့ ခန့်အပ်ရာ၌ ယုံမှတ်အပ်နှံခြင်းခံရသူများသည် ပူးတွဲဆောင်ရွက်စေရန် သို့မဟုတ် တစ်ဦးမှ တစ်ဦးသို့ ကိုယ်စားလွှဲအပ်ဆောင်ရွက်နိုင်စေရန် အခွင့်အာဏာကို သတ်မှတ်ပေးရမည်။

(ဂ) အချို့သော အခြေအနေများ၌ တရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအဖြစ် ခန့်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသော ဤအခန်းပါပြဋ္ဌာန်းချက်များကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များက ထိခိုက်စေခြင်း မရှိစေရ။

**ယုံမှတ်အပ်နှံခြင်းခံရသူကို ရာထူးမှ ဖယ်ရှားခြင်း၊ ရာထူးနေရာလစ်လပ်ခြင်း**

၂၇၈။ (က) ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအား တရားရုံး၏အမိန့်အရ ဖြစ်စေ သို့မဟုတ် နည်းဥပဒေအရ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းအား ရာထူးမှဖယ်ရှားရန်အလို့ငှာ ကျင်းပပြုလုပ်သော မြီရှင်များအစည်းအဝေး၏ ဆုံးဖြတ်ချက်အရဖြစ်စေ ရာထူးမှ ဖယ်ရှားနိုင်သည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူအား အစားထိုးခန့်အပ်ရန်အတွက် ကြွေးမြီစုစုပေါင်း၏ လေးပုံတစ်ပုံထက်မနည်း ပိုင်ဆိုင်သူ မြီရှင်များ၏ သဘောတူညီချက်ဖြင့် တစ်ဦး သို့မဟုတ် တစ်ဦး ထက်ပိုသော မြီရှင်များက အစည်းအဝေးတစ်ရပ် ဆင့်ခေါ် ပေးရန် တောင်းဆိုလျှင် သို့မဟုတ် တရားရုံးက ဆင့်ဆိုလျှင် မြီရှင်များအစည်းအဝေးကို ဆင့်ခေါ်ရမည်။

(ဂ) ဤဥပဒေအပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်အဖြစ်ဆောင်ရွက်ရန် သတ်မှတ်ထားသော အရည် အချင်းရှိသူအဖြစ်မှ ရပ်စဲသွားပါက တရားဝင်ပစ္စည်းထိန်း မဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှား ပေးရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ နုတ်ထွက်ရာတွင် နည်းဥပဒေအရ ပြဋ္ဌာန်းထားသော နည်းလမ်းများအတိုင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာ ပေးပို့ ရမည်။

(င) ယုံမှတ်အပ်နှံခြင်းခံရသူက အထက်ပါအတိုင်း အကြောင်းကြား စာကို ပေးပို့ရာတွင် ပုဒ်မ ၃၁၁ အရ အပြီးသတ်မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြောင်းနှင့် ယင်းအစည်း အဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကိုလည်း ထည့် သွင်းဖော်ပြရမည်။

(စ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်ခဲ့လျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှားပေးရမည်။

**တာဝန်မှ ရပ်စဲသွားခြင်း**

၂၇၉။ (က) ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားသော တရားဝင် ပစ္စည်းထိန်းအား တာဝန်မှရပ်စဲပြီး ၎င်း၏နေရာ၌ အခြားသူ တစ်ဦးအား အစားထိုးခန့်အပ်ခဲ့ပါက ထိုတရားဝင် ပစ္စည်း ထိန်းသည် အောက်ဖော်ပြပါအချိန်တစ်ခုခုတွင် ၎င်း၏ တာဝန်များသည် ရပ်စဲပြီး ဖြစ်စေရမည် -

(၁) တရားဝင်ပစ္စည်းထိန်းအား မြီရှင်များအစည်းအဝေးမှ ခန့်အပ်ခြင်းဖြစ်လျှင် ၎င်း၏နေရာသို့ အစားထိုး ခန့်အပ်ပြီးဖြစ်ကြောင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာပေးပို့သည့်အချိန်၊ နှင့်

(၂) တရားဝင်ပစ္စည်းထိန်းအား တရားရုံးက ခန့်အပ်ခြင်းဖြစ် လျှင် ယင်းတရားရုံးက ဆုံးဖြတ်ချက်အမိန့်ချမှတ်သည့် အချိန်။

(ခ) တရားဝင်ပစ္စည်းထိန်းက ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် ၎င်းအနေဖြင့် လူမွဲပိုင်ပစ္စည်း များနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုလုပ်ငန်းများမှာ လက်တွေ့ အားဖြင့် ပြီးပြတ်သွားပြီဖြစ်ကြောင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပြီးနောက် တရားရုံး က အမိန့်ဖြင့် သတ်မှတ်သည့်အချိန်မှစ၍ ၎င်း၏တာဝန်များ သည် ရပ်စဲပြီး ဖြစ်စေရမည်။

(ဂ) အောက်ဖော်ပြပါ အချိန်တစ်ရပ်ရပ်တွင် တရားဝင်ပစ္စည်း ထိန်းမဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ်မှ ရပ်စဲခြင်း ခံရသူ တစ်ဦးတစ်ယောက်၏ တာဝန်များသည် ရပ်စဲပြီး ဖြစ် စေရမည်-

(၁) မြီရှင်များ၏အစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏တာဝန်မှ ရပ်စဲချိန်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆုံးဖြတ်သတ်မှတ်ထားခြင်း မရှိသည့်ကိစ္စ သို့မဟုတ် ထိုသူသေဆုံးသွားသည့်ကိစ္စတွင် ထိုသူသည် ရာထူး တာဝန်မှရပ်စဲသွားပြီးဖြစ်ကြောင်း နည်းဥပဒေနှင့် အညီ မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်း ကြားသည့်အချိန်၊

(၂) မြီရှင်များ၏အစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏ရာထူးမှ စွန့်လွှတ်ချိန်နှင့်ပတ်သက်၍ တစ်စုံ တစ်ရာ ဆုံးဖြတ်ထားပြီးဖြစ်သည့် ကိစ္စ သို့မဟုတ် ထိုသူအား တရားရုံးအမိန့်ဖြင့် ရာထူးမှဖယ်ရှားသည့် ကိစ္စ သို့မဟုတ် ပုဒ်မ ၂၇၈ ပုဒ်မခွဲ (ဃ) အရ ရာထူးမှ နုတ်ထွက်သွားသည့် ကိစ္စတွင် ထိုသူ၏ လျှောက်ထား ချက်အပေါ် တရားရုံးက ဆုံးဖြတ်သည့်အချိန်၊

(၃) ရာထူးမှ မိမိဆန္ဒအလျောက် နုတ်ထွက်သည့်ကိစ္စတွင် တရားရုံးက တစ်နည်းနည်းဖြင့် အမိန့်တစ်စုံတစ်ရာ ချမှတ်ခဲ့ခြင်းမရှိလျှင် ၎င်း၏ နုတ်ထွက်မှု စတင်အကျိုး သက်ရောက်ချိန်၊

(၄) ပုဒ်မ ၂၇၈ ပုဒ်မခွဲ (စ) အရ ရာထူးနေရာ လစ်လပ် သည့်ကိစ္စတွင်-

(က) ထိုပုဒ်မခွဲတွင် ရည်ညွှန်းဖော်ပြထားသော မြီရှင်များအပြီးသတ်အစည်းအဝေး၌ ထိုသူ၏ ရာထူးတာဝန်မှ စွန့်လွှတ်ခဲ့သည့် အချိန်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့ပြီးဖြစ်လျှင် ထိုသူ၏ လျှောက်ထားချက်အပေါ် တရားရုံးက ဆုံး ဖြတ်သည့်အချိန်၊ နှင့်

(ခ) ထိုမြီရှင်များ အပြီးသတ်အစည်းအဝေး၌ ဆုံး ဖြတ်သတ်မှတ်ခဲ့ခြင်းမရှိလျှင် ရာထူးတာဝန်မှ လစ်လပ်သွားချိန်။

(ဃ) မြီစားအား လူမွဲအဖြစ်ခံယူစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ခဲ့ရာတွင် ထိုသို့ပယ်ဖျက်ချိန်၌ ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ဆောင်ရွက်နေသူသည် ထိုတရားရုံးမှ ဆုံးဖြတ် သည့်အချိန်တွင် ၎င်း၏ရာထူးတာဝန်သည် ရပ်စဲစေရမည်။

(င) ဤပုဒ်မအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံ ခြင်းခံရသူအား ရာထူးတာဝန်မှ စွန့်လွှတ်စေသည့်အခါ လူမွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲရာ၌ ၎င်းမှ လုပ်ဆောင်သော ပြုလုပ်မှုများ သို့မဟုတ် ပျက်ကွက်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အခြားနည်းဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် လုပ်ဆောင်သည့် ၎င်း၏အပြုအမူများနှင့်စပ်လျဉ်း၍လည်း ကောင်း တင်ရှိသောတာဝန်အားလုံးသည် ဤပုဒ်မ၏ အထက်ပါပြဋ္ဌာန်းချက်များတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်မှစတင်၍ ရပ်စဲပြီး ဖြစ်စေရမည်။

(စ) ဤပုဒ်မအရ ရာထူးတာဝန်မှ စွန့်လွှတ်စေပြီးဖြစ်သော တစ်စုံ တစ်ဦးနှင့် စပ်လျဉ်း၍ တရားရုံးမှ ပုဒ်မ ၂၈၂ အရ လုပ်ပိုင် ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းအား ဤပုဒ်မ ပါမည်သည့်အချက်ကမျှ တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးနေရာလစ်လပ်ခြင်း**

၂၈၀။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ရာထူးနေရာ လစ်လပ်သည့်အခါ ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ထိုလစ်လပ်နေသော ရာထူးနေရာတွင် တစ်စုံတစ်ဦးအား ထပ်မံခန့်အပ်ပြီးသည့်အချိန်ကာလအထိ တရားဝင်ပစ္စည်း ထိန်းသည် ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ထိုလစ်လပ်နေသောရာထူးနေရာကို ခန့်အပ်ရန်အလို့ငှာ တရားဝင်ပစ္စည်းထိန်းသည် မြီရှင်များအစည်းအဝေး တစ်ရပ် ကို ဆင့်ခေါ်နိုင်ပြီး ပုဒ်မ ၂၉၅ ပုဒ်မခွဲ (ဇ) ပါပြဋ္ဌာန်းချက်နှင့် အညီ မြီရှင်များအစည်းအဝေးကို ဆင့်ခေါ်ရမည်။

(ဃ) ပုဒ်မ ၂၈၁ အရ မြီရှင်များကော်မတီတစ်ရပ်ကို ဖွဲ့စည်း တည်ထောင်ထားခဲ့လျှင် တရားဝင်ပစ္စည်းထိန်းသည် ထို လစ်လပ်နေသော ရာထူးကို ခန့်အပ်ရန်အလို့ငှာ ထိုမြီရှင်များ ကော်မတီအစည်းအဝေးကို ခေါ်ယူကျင်းပရန် ဆင့်ဆိုနိုင် သည်။

(င) အကယ်၍ ထိုလစ်လပ်နေသောရာထူးကို ထိုသို့ဖြည့်တင်းခန့် အပ်ခြင်းမပြုခဲ့လျှင် တရားဝင်ပစ္စည်းထိန်းသည် လူမွဲပိုင် ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။ သို့ရာတွင် ဤပြဋ္ဌာန်းချက် သည် တရားဝင်ပစ္စည်းထိန်းက ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ အစည်းအဝေးကို ဆင့်ခေါ်နိုင်သည့်အာဏာကို ထိခိုက်စေ ခြင်း မရှိစေရ။

(စ) ဤပုဒ်မပါ လစ်လပ်နေသောရာထူး ဆိုသည့်စကားရပ်တွင် လူမွဲပိုင်ပစ္စည်းဖြစ်သော သို့မဟုတ် ယင်းပစ္စည်းတွင် ပါဝင်နိုင် သော ပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပုဒ်မ ၃၁၁ အရ ဆင့် ခေါ်သော မြီရှင်များ အပြီးသတ်အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ထိုပစ္စည်း၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ခန့်ထားရန် လိုအပ်နေသည့် ယုံမှတ်အပ်နှံခြင်း ခံရသူ ရာထူးလည်း ပါဝင်စေရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း**

**မြီရှင်များကော်မတီ**

၂၈၁။ (က) ဤဥပဒေနှင့် နည်းဥပဒေများဖြင့် အပ်နှင်းထားသော လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ မြီရှင်များအစည်း အဝေးတစ်ရပ် ကျင်းပ၍နည်းဥပဒေများဖြင့် သတ်မှတ်ထား ချက်များနှင့်အညီ မြီရှင်များကော်မတီကို ဖွဲ့စည်းတည်ထောင် နိုင်သည်။

(ခ) မြီရှင်များအစည်းအဝေးတွင် တရားဝင်ပစ္စည်းထိန်း၏နေရာ၌ တစ်စုံတစ်ဦးအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် အစားထိုး ခန့်အပ်ခဲ့သည့်အခါမှတစ်ပါး တရားဝင်ပစ္စည်းထိန်းက လူမွဲ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်နေသည့် ကာလအတွင်း ထိုအစည်းအဝေးဖြင့် မြီရှင်များကော်မတီကို တည်ထောင်ခြင်း သို့မဟုတ် ယင်းကော်မတီအား လုပ်ငန်း တာဝန်ပေးခြင်းများကို မပြုရ။

**တရားရုံးမှ ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း**

၂၈၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက် မှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်နှင့်စပ်လျဉ်း၍ ကျေနပ်မှု မရှိလျှင် လူမွဲကိုယ်တိုင်ဖြစ်စေ သို့မဟုတ် မြီရှင်များကဖြစ်စေ သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူတစ်ဦးက ဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်ပြီး ယင်းသို့လျှောက်ထားမှုအပေါ် တရားရုံးသည် ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆောင်ရွက်မှု သို့ မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်အား အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင် ခြင်းပြုစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် အခြားသင့်လျော် သည်ဟု ထင်မြင်ယူဆသော အမိန့်များချမှတ်နိုင်သည်။

(ခ) လူမွဲဖြစ်မှုအရ ပေါ်ပေါက်လာသော ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ညွှန်ကြားပေးနိုင်ရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များအပေါ်တွင် လူမွဲခံယူစေ သည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ် တင်သွင်းထား သည့်ကိစ္စ၌ ထိုသို့လျှောက်ထားခြင်း ခံရသူများသည် ကြွေးမြီ ပေးဆပ်နိုင်ခြင်းမရှိသော အစုစပ်လုပ်ငန်း၏ အစုဝင်များ ဖြစ်သည့်အခါ တရားရုံးသည် တရားမျှတမည်ဟု ထင်မြင် ယူဆလျှင် ၎င်းတို့ကို လူမွဲမှုခင်းတစ်ရပ်တည်း၌ ပူးတွဲ၍ ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

(ဃ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် တာဝန်ရှိသော လူမွဲခံယူခြင်း ဆိုင်ရာ ကျွမ်းကျင်သူ သို့မဟုတ် အစုစပ်လုပ်ငန်း၏ ယုံမှတ် အပ်နှံခြင်းခံရသူ သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူ တစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် အစုစပ်လုပ်ငန်း ၏ ပူးတွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် အစုဝင်တစ်ဦး ချင်းစီ၏ သီးခြားပစ္စည်းများကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း ၍ ထည့်သွင်းညွှန်ကြားနိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ တာဝန်များ**

၂၈၃။ (က) ဤပုဒ်မအရ လျှောက်ထားချက်တစ်ရပ်အပေါ် တရားရုံးက-

(၁) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်သော ငွေကြေး သို့မဟုတ် အခြားပစ္စည်း တစ်စုံ တစ်ရာအား အလွဲအသုံးပြုထားကြောင်း သို့မဟုတ် လက်ဝယ်ရယူထားကြောင်း သို့မဟုတ် ယင်းတို့နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းတင်ပြရန် တာဝန်ရှိ ကြောင်း၊ သို့မဟုတ်

(၂) ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏လုပ်ငန်းတာဝန်များ ကို ဆောင်ရွက်ရာ၌ အလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှုကြောင့် လူမွဲပိုင်ပစ္စည်း များနှင့်စပ်လျဉ်း၍ ဆုံးရှုံးမှုတစ်ရပ် ပေါ်ပေါက်ခဲ့ ကြောင်း။

ကျေနပ်မှုရှိလျှင် တရားရုံးသည် တရားမျှတသည်ဟု ထင်မြင် သည့်အတိုင်း ထိုသို့သော ဥပဒေနှင့်မညီသော မှားယွင်း ဆောင်ရွက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှု သို့မဟုတ် အခြားတာဝန်တစ်ရပ်ရပ်အတွက် လျော်ကြေးပေး စေရန် သို့မဟုတ် ထိုပစ္စည်း၏ အကျိုးအမြတ်အတွက် ငွေကြေး သို့မဟုတ် အခြားပစ္စည်းတစ်ရပ်ကို ပြန်လည်ပေး အပ်စေရန် သို့မဟုတ် မူလအနေအထားသို့ ပြန်လည်ထား ရှိစေရန် သို့မဟုတ် တာဝန်ယူ စာရင်းရှင်းလင်းတင်ပြစေရန် ယုံမှတ်အပ်နှံခြင်း ခံရသူအပေါ် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သောအမိန့်တွင် တရားရုံးက သင့်လျော်သော အတိုးနှုန်းကို ထည့်သွင်းသတ်မှတ်နိုင်သည်။ သို့ရာတွင် ထိုသို့ သတ်မှတ်ချက်သည် ဤပုဒ်မအရမှတစ်ပါး ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ထိုပစ္စည်းအတွက် ထပ်မံ ခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် မြီရှင် သို့မဟုတ် လူမွဲက ဤပုဒ်မအရ လျှောက်ထားနိုင်သည်။ သို့ ရာတွင် လူမွဲကိုယ်တိုင်မှ လျှောက်ထားခြင်း သို့မဟုတ် ပုဒ်မ ၂၇၉ အရ ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏ရာထူးတာဝန် ရပ်စဲပြီးမှ လျှောက်ထားလျှင် တရားရုံး၏ခွင့်ပြုချက်ဖြင့်သာ လျှောက်ထားရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းတွင် မပါဝင် သော ပစ္စည်းတစ်ရပ်ကို သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲ ခြင်း ပြုခွင့်ရှိကြောင်း ဆီလျော်သော အကြောင်းတစ်ရပ်ရပ်အရ ယုံကြည်၍ ဆောင်ရွက်ရာတွင် ၎င်းမှ လက်ဝယ်ထားခွင့်ရှိ သော ပစ္စည်းတစ်ရပ်အား သိမ်းဆည်းခြင်း၊ သို့မဟုတ် စီမံ ခန့်ခွဲခြင်းပြုရာမှ ၎င်း၏ ပေါ့လျော့မှုကြောင့် ပေါ်ပေါက်လာ သော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများမှတစ်ပါး ယုံမှတ်အပ်နှံ ခြင်းခံရသူသည် ထိုသို့သော ပစ္စည်းတစ်ရပ်အား သိမ်းဆည်း ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာမှ ပေါ်ပေါက်လာသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တာဝန် မရှိစေရ။

(ဆက်လက်ဖော်ပြပါမည်)



## ရေစကြိုမြို့၌ ရှေးဟောင်းဘုရားများ ပြန်လည်မွမ်းမံခြင်းအောင်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အင်ကြင်းပင်စိုက်ပျိုးပေး

**ရေစကြို အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မအူအလယ်ကျေးရွာရှိ ရှေးဟောင်းဘုရားပုထိုးစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးခြင်းအောင်ပွဲ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကိုအောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် အတူ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား တက်ရောက်ဖူးမြော်ကြည်ညိုပြီး အထိမ်းအမှတ်အဖြစ် လုမ္ဗိနီအင်ကြင်းပင်စိုက်ပျိုးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေစကြိုမြို့ အမှတ် ၃ ရပ်ကွက် ဆိပ်ကမ်းသို့လည်းကောင်း၊ မီးလောင်ကျွမ်းကျေးရွာ၊ ချင်းယားကျေးရွာ၊ ကွေ့ထောင့်ကျေးရွာ၊ ဗလဘကျေးရွာများသို့လည်းကောင်း၊ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများ၊ ဗလဘကျေးရွာအနီး၌ ကမ္ဘာ့ဘဏ်အစီအစဉ်ဖြင့် ရေလမ်းကြောင်းတူးဖော်နေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရေစကြို(မြန်/ဆက်)**

# တရုတ်မှုဟန်ပန်ပန်းချီ နိုင်ငံတကာလှည့်လည်ခင်းကျင်းပြသပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာတွင် တရုတ်မှုဟန်ပန်ပန်းချီ နိုင်ငံတကာလှည့်လည်ခင်းကျင်းပြသပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကြည်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တရုတ်သံအမတ်ကြီးမစ္စတာဟုန်လျန်က တရုတ်ရိုးရာမင်ပန်းချီအနုပညာသည် တရုတ်ယဉ်ကျေးမှုထူးခြားပြောင်မြောက်သော ရိုးရာဖြစ်ပြီး၍ပန်းချီပြပွဲမှတစ်ဆင့် မြန်မာပရိသတ်များသည် တရုတ်နိုင်ငံ၏ရိုးရာမင်ပန်းချီတီထွင်ဖန်တီးမှုလက်ရှိအခြေအနေကို နားလည်၍ နှစ်နိုင်ငံအကြား အနုပညာနယ်ပယ်ဆက်သွယ်ရေးကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သလို တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက်တို့၏ အချိန်ကာလကြာရှည်စွာ ကောင်းမွန်သောဆက်ဆံရေးဖြစ်သည့် တရုတ်-မြန်မာအစဉ်အလာဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး လေးနက်စေဖို့အတွက် ယခုအကြိမ် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိလာသော တရုတ်မှုဟန်ပန်ပန်းချီ နိုင်ငံတကာလှည့်လည်ခင်းကျင်းပြပွဲ (မြန်မာ) ကို ပိုမိုအဓိပ္ပာယ်ရှိစေပါကြောင်း၊ တရုတ် - မြန်မာယဉ်ကျေးမှု ဖလှယ်ရေးဆိုင်ရာ အနေဖြင့် တရုတ်စာလက်ရေးလှနှင့် ရိုးရာပန်းချီ၊ စာရွက်အလှညှပ်ခြင်း၊ ဝူရှူး၊ တူရိယာ၊ အက၊ ပိတ်စစည်းပြီးဆေးဆိုးခြင်း စသည့် ယဉ်ကျေးမှုဆိုင်ရာသင်တန်းပြပွဲနှင့် ဖျော်ဖြေမှုတွေကို ကျင်းပခဲ့ပြီး မြန်မာပြည်သူတို့ကလည်း ကြိုဆိုနှစ်သက်ကြပါကြောင်းနှင့် တရုတ်မှုဟန်ပန်ပန်းချီပြပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဆုတောင်းပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက "မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို အခိုင်အမာတည်ဆောက်ထားရှိခဲ့တာဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်သော ယဉ်ကျေးမှုဖလှယ်ရေးလုပ်ငန်းများကိုလည်း အစဉ်တစိုက်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ တရုတ်နိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အကြား ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ပြပွဲများဆောင်ရွက်ခြင်းဆိုသည့် လုပ်ငန်းတစ်ရပ်အဖြစ် တရုတ်မှုဟန်ပန်ပန်းချီပြပွဲဖြစ်ပေါ်လာတာပဲဖြစ်ပါကြောင်း၊ နှစ်နိုင်ငံရင်းနှီးကျွမ်းဝင်မှုတည်ဆောက်ရာမှာ ပန်းချီအနုပညာဆိုတာ နူးညံ့ပြီး နားလည်ခံစားလွယ်သည့် ပေါင်းကူးတံတားတစ်ရပ်အဖြစ်ပါဝင်နေကာ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း" ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံ အမျိုးသားပန်းချီပညာအကယ်ဒမီအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ Zhang Jiangzhou က အမှာစကားပြောကြားကာ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြသထားသည့် အနုပညာရှင် ၂၃ ဦး၏ ပန်းချီကား ၄၃ ချပ်ကို ကြည့်ရှုခဲ့ကြသည်။

ယခုပြပွဲကို အမေရိကန်၊ ပြင်သစ်၊ အင်္ဂလန်၊ ဂျာမနီ၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ ဘူဂေးရီးယား၊ ထိုင်း၊ မောလ်တာနိုင်ငံတို့တွင် ပြသပြီးဖြစ်ကြောင်းနှင့် ယခုပန်းချီပြပွဲကို အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာတွင် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ အခမဲ့ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးဆန်းကျော်ဦး(မြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ အား တောင်သူများထံ ပေးအပ်




**မြင်းခြံ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ အား တောင်သူများထံပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ များ မပေးအပ်မီ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကိုပေးအပ်ရာ ကတောကျေးရွာအုပ်စုကိုယ်စားတောင်သူ ဦးယဉ်မင်းထွန်းက လည်းကောင်း၊ ဂင့်ဂဲကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးအောင်စိုးကြည်ကလည်းကောင်း၊ ဆင်းဂွတ်ကျေးရွာအုပ်စု ကိုယ်စား တောင်သူ ဦးမောင်စိုးကလည်းကောင်း၊ လေးအိမ်တန်းကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးကံညွန့်ကလည်းကောင်း၊ ထနောင်းတိုင်ကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးနေမင်းကျော်ကလည်းကောင်း လက်ခံရယူခဲ့သည်။ မြင်းခြံမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၁၆ အုပ်စု၊ တောင်သူပေါင်း ၁၃၅ ဦး မြေဧရိယာ ၂၆၉ ဒသမ ၉၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ ၇ များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက တောင်သာမြို့နယ်အတွင်းရှိ တောင်သူများထံပေးအပ်ရာ သံဘိုကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးစန်းဝင်းကလည်းကောင်း၊ ကျောဇီကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးမြင့်ဆွေကလည်းကောင်း၊ အိုးဘိုကျေးရွာအုပ်စုကိုယ်စား တောင်သူဦးမြင့်လွင်ကလည်းကောင်း၊ နတ်စောင့်ကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးတင်သိန်းကလည်းကောင်း၊အင်းတဲကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးဝင်းဗိုလ်ကလည်းကောင်း အသီးသီးလက်ခံရယူခဲ့သည်။ တောင်သာမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ရှစ်အုပ်စု၊ တောင်သူပေါင်း ၁၈၈ ဦး၏ မြေဧရိယာ ၄၃၉ ဒသမ ၈၁ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ များ ပေးအပ်ခဲ့သည်။

နွားထိုးကြီးမြို့နယ်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်က နွားထိုးကြီးမြို့နယ်အတွင်းရှိ တောင်သူများထံ ပေးအပ်ရာ ကြောင်နံကျေးရွာအုပ်စုကိုယ်စား တောင်သူဦးစိန်ဝင်းကလည်းကောင်း၊ လက်ဝဲကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးလှထူးအောင်ကလည်းကောင်း၊ ရွာကြီးကျေးရွာအုပ်စုကိုယ်စား တောင်သူဦးသိန်းနိုင်ကလည်းကောင်း၊ ဘူးကိုင်းကျေးရွာအုပ်စုကိုယ်စား တောင်သူဦးမြင့်အောင်ကလည်းကောင်း၊ မြင်းနီကျေးရွာအုပ်စုကိုယ်စား တောင်သူဦးတင်အေးကလည်းကောင်း အသီးသီး လက်ခံရယူခဲ့သည်။ နွားထိုးကြီးမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၂၅ အုပ်စု၊ တောင်သူပေါင်း ၁၂၈၅ ဦး၏ မြေဧရိယာ ၂၆၆၇ ဒသမ ၈၃ ဧကအတွက် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ ၇ များ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးက ငါန်းဇွန်မြို့နယ်အတွင်းရှိ တောင်သူများထံပေးအပ်ရာ ကျောက်တစ်လုံးကျေးရွာအုပ်စုကိုယ်စား တောင်သူဦးငွေဆွေကလည်းကောင်း၊ အမှတ် (၁) ရပ်ကွက်ကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးညီညီကလည်းကောင်း၊ မကြီးကြပ်ကျေးရွာအုပ်စုကိုယ်စား တောင်သူဦးဘုန်းကျော်ကလည်းကောင်း၊ မြို့သာကျေးရွာအုပ်စုကိုယ်စား တောင်သူဦးကျော်ဆန်းကလည်းကောင်း၊ သောင်ပြင်ကျေးရွာအုပ်စုကိုယ်စား တောင်သူ ဦးစနိုးကလည်းကောင်း အသီးသီးလက်ခံရယူခဲ့သည်။ ငါန်းဇွန်မြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၁၄ အုပ်စု၊ တောင်သူပေါင်း ၄၆၄ ဦး၏ မြေဧရိယာ ၈၅၀ ဒသမ ၆၃ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ များ ပေးအပ်ခဲ့သည်။ ယင်းနောက် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ တောင်သူများကိုယ်စား တောင်သူဦးအောင်စိုးကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ မြေဧရိယာ စုစုပေါင်း ၄၂၂၈ ဒသမ ၂၃ ဧကအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ များ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးနှင့် ဦးချမ်းမြေ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာအုပ်စုကိုယ်စားလှယ်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**



**အောက်တိုဘာ ၂၇ ရက်က နေပြည်တော်မိသားစုပရဟိတအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကို ဇမ္ဗူသီရိမြို့နယ် ဧရာဝတီလမ်းမကြီးရှိ MANDALAY PARADISE Food Corner တွင် ကျင်းပရာ အလှူရှင် FOCUS Enterpise ကုမ္ပဏီမှ အလှူငွေကျပ် ၁၀ သိန်းနှင့် အလှူရှင် ဦးနေဝင်းနိုင် မိသားစုမှ ငွေကျပ် ငါးသိန်း လှူဒါန်းရာ နေပြည်တော်မိသားစု ပရဟိတအဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူစဉ်။** ကိုကိုရှုပ

# ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တကောင်းဒေသ၏ အစောဆုံးသမိုင်းအထောက်အထားများ ဆက်လက်ရှာဖွေဖော်ထုတ်ပေးရန်လို




**တကောင်း အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တကောင်းဒေသ၏ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော် အေဒီ ၁ ရာစုအထိ စောနိုင်ခြေရှိသော သမိုင်းအထောက်အထားများအား ဆက်လက်ရှာဖွေဖော်ထုတ်ပေးရန် လိုအပ်ကြောင်း မြန်မာမှု ဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က အကြံပြု ပြောကြားသည်။

ယခင်က တကောင်းဒေသကို အေဒီ ၁၁ ရာစု အနော်ရထာမင်းကြီးခေတ်ထက် စောနိုင်ခြေမရှိဟု ကောက်ချက်ချထားသော်လည်း အဆိုပါဒေသ၏တောင်ဘက် ကြာညှပ်ကုန်းမြေတွင် ရှာဖွေတွေ့ရှိခဲ့သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းနှင့် ပင်လယ်မိုင်းမော စသည့် ပျူမြို့ကြီးလေးမြို့ရှိ အေဒီ ၅ ရာစုနှင့် ၇ ရာစုကြားရှိ ခေတ်လက်ရာ အထောက်အထားများအတိုင်း ပေ ၄၀ ခန့်ရှိ အဆောက်အအုံတစ်ခုကို တွေ့ရှိခဲ့သည့်အတွက် တကောင်းဒေသ၏ သမိုင်းတန်ဖိုးမှာလည်း ပြောင်းလဲလာကြောင်း သိရသည်။

"ဒီလိုတွေ့ရှိခဲ့တဲ့ အဆောက်အအုံကို ရှေးဟောင်းသုတေသနဌာနက အေဒီ ၅ ရာစုနဲ့ ၇ ရာစုကြားမှာ ရှိခဲ့တဲ့ အဆောက်အအုံဖြစ်တယ်လို့ တရားဝင်ကြေညာပေးခဲ့တယ်။ ဒါကြောင့် အရင်က အနော်ရထာမင်းကြီးခေတ်ထက် မစောဘူးဆိုတဲ့ အဆိုများကတော့ ပျောက်ကွယ်သွားပေမယ့် အစဉ်အလာရှိခဲ့တဲ့ တကောင်းသမိုင်းထက်စာရင် အတော်နောက်ကျနေသေးတယ်။ တကောင်းဒေသဟာ မြန်မာရာဇဝင်ထဲမှာပြောသလို အေဒီ ၁ ရာစုဆိုတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်အထိ စောနိုင်ခြေရှိတဲ့၊ ပျောက်ကွယ်နေတဲ့ အထောက်အထားတွေကို တာဝန်ရှိသူတွေနဲ့ ငွေကြေးတတ်နိုင်သူတွေ ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်ဖို့ အဓိကလိုအပ်နေပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာ့မြေမျက်နှာသွင်ပြင်အရ မြောက်ပိုင်းဒေသများသည် အစောဆုံးလူနေမှုပုံစံ စတင်လာခဲ့သည်ဟု ယူဆချက်အရ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပင်လယ်မိုင်းမော စသည့်ပျူမြို့ကြီးများကို ကြည့်ပါက ဟန်လင်းထက် ဗိဿနိုး၊ ဗိဿနိုးထက် သရေခေတ္တရာသည် ပိုမိုနောက်ကျသည့်အတွက် မြောက်ပိုင်းဒေသများသည် ပိုမိုရှေးကျနိုင်သည်ဟု သုံးသပ်ချက်များလည်းရှိကြောင်း သိရသည်။

လက်ရှိတွင် တကောင်းဒေသ၏ ရှာဖွေတွေ့ရှိခဲ့သော သမိုင်းအထောက်အထားများအား ပျူခေတ်မှ ရတနာပုံခေတ်အထိ ခေတ်အလိုက် ကျောက်၊ ကြေးနှင့် ငွေထည်ပစ္စည်းများကို ပြသထားကြောင်းနှင့် ပျောက်ကွယ်နေသော အထောက်အထားများအား ဆက်လက်ရှာဖွေဖော်ထုတ်သင့်ကြောင်း သမိုင်းပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ညောင်ဦးမြို့ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ကွင်းဆင်းပြုလုပ်

**ညောင်ဦး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် လူနာများ ဆေးကုသရာတွင် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရန်ရည်ရွယ်၍ ညောင်ဦးမြို့ သဘာဝဘေးနှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်က ဖွဲ့စည်းထားရှိသည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ကိုးဖွဲ့မှ အသင်းဝင်များသည် အောက်တိုဘာ ၂၈ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ ညောင်ဦးမြို့ သဘာဝဘေးနှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်က ဖွဲ့စည်းထားရှိတဲ့ ပရဟိတအသင်းအဖွဲ့ကိုးဖွဲ့ စုပေါင်းပြီး ဒီနေ့မနက်ပိုင်းက ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှာ စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အသင်းအဖွဲ့ကိုးဖွဲ့ကတော့ ညောင်ဦးမြို့ပေါ်ရှိ မြတ်ဒါန၊ ကရုဏာရှင်၊ ပညာဒါန၊ စိတ်စေတနာ၊ စိတ္တသုခ၊ မြတ်ပါရမီ၊ ဖြူစင်မေတ္တာ၊ ဇီဝိတ၊ သန်လျက်ချောင်းပရဟိတအခမဲ့ပညာဒါနကျောင်းတို့ပဲ ဖြစ်ပါတယ်။ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့မြို့မှာရှိတဲ့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို အစဉ်အမြဲသန့်ရှင်းသပ်ရပ်မှုရှိစေဖို့နဲ့ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်တွေကြောင့် ဆေးကုသတဲ့လူနာတွေ စိတ်အနှောင့်အယှက်မဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီနေ့မနက်က ကျွန်တော်တို့ ပရဟိတအသင်းအဖွဲ့ကိုးဖွဲ့က အသင်းဝင် ၃၀ ကျော်ခန့်ဖြင့် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်သရိုက်များကို ရှာဖွေကောက်ယူခြင်း၊ တံမြက်စည်းလှဲခြင်း လုပ်ငန်းများကို နံနက် ၇ နာရီ ၁၅ မိနစ်မှ ၈ နာရီခွဲထိ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် တစ်လလျှင်နှစ်ကြိမ် စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ညောင်ဦးမြို့ မြတ်ဒါန ပရဟိတလူမှုကူညီရေးအသင်းမှ အသင်းဝင်တစ်ဦးဖြစ်သူ ကိုခိုင်လင်းမောင်က ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မကွေးမြို့၌ သူနာပြုသားဖွား ဒီပလိုမာသုံးနှစ်သင်တန်း အောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**မကွေး အောက်တိုဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (မကွေး) ၏ အပတ်စဉ်(၂၂) သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်း၊ ပဥ္စမအကြိမ် ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲကို မကွေးမြို့တော်ခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (မကွေး) မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းသားတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဧယျတု(မကွေး)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေများ ပိုမိုသိရှိနားလည်လာစေရန် ဟောပြောပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၉**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) က ကြီးမှူးပြုလုပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေများအကြောင်းခေါင်းစဉ်ဖြင့် ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံလမ်းရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

"မြန်မာနိုင်ငံစီးပွားရေး တကယ်တိုးတက်ချင်တယ်ဆိုရင် အဂတိလိုက်စားမှုကို မဖြစ်မနေ တိုက်ဖျက်ရမှာဖြစ်ပါတယ်။ အဲဒီလိုတိုက်ဖျက်တဲ့နေရာမှာ အဂတိလိုက်စားမှုတွေဟာ ဘာကြောင့်ဖြစ်ရသလဲ၊ ဘာတွေလုပ်နေသလဲ၊ အဓိကလိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို အများပြည်သူ တစ်ဦးချင်းသိဖို့ လိုအပ်တယ်။ ဒ့ါပြင် ဝါဏိဇ္ဇဘွဲ့ရတွေဟာ စာရင်းကိုင်၊ စာရင်းစစ်နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ကြတယ်။ စာရင်းကိုင်၊ စာရင်းစစ်နဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဟာ တိုက်ရိုက်သက်ဆိုင်နေလို့ စာရင်းကိုင်၊ စာရင်းစစ်လုပ်ငန်း လုပ်ကိုင်နေတဲ့သူတွေဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ မဖြစ်မနေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ သူတို့ကိုယ်တိုင်လည်း ဥပဒေ၊ နည်းဥပဒေတွေကို သိဖို့လိုအပ်တယ်။ ဒါကြောင့် ဒီပွဲကို လုပ်ရခြင်းဖြစ်ပါတယ်" ဟု ဝါဏိဇ္ဇဘွဲ့ရများအသင်းမှ ပြန်ကြားရေးမှူး ဦးကျော်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများသည် သက်ဆိုင်ရာနယ်ပယ်အသီးသီး၌ မကြာခဏဆိုသလို ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေသည့်အပြင် လူမှုဘဝများ ထိခိုက်ဆုံးရှုံးကာ ဆင်းရဲခြင်းများနှင့် ကြုံတွေ့နေရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ ဆင်းရဲခြင်းမှ လွတ်ကင်းစေရန်ရည်ရွယ်၍ ကြီးမားသော ရည်မှန်းချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇော်က ပြောသည်။

"အဓိကထားဆောင်ရွက်တာက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်(သို့)အဖွဲ့အစည်းကို ရည်ရွယ်တိုက်ဖျက်တာမဟုတ်ပါဘူး။ တစ်နိုင်ငံလုံးပျံ့နှံ့နေတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွေကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်းစတဲ့ နည်းလမ်းသုံးသွယ်နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဟာ တိုင်ကြားစာတွေကို လက်ခံတယ်။ စိစစ်သုံးသပ်တယ်။ စုံစမ်းစစ်ဆေးအရေးယူတာ တစ်ခုတည်းတင်မဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ နိုင်ငံပိုင်ပစ္စည်းတွေ၊ နိုင်ငံသားများရဲ့ အကျိုးစီးပွားနဲ့ အခွင့်အရေးတွေကိုလည်း ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကဆက်၍ပြောသည်။

ပြည်သူများအကြား နိုင်ငံ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဗဟုသုတအကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်အတွက် ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) အနေဖြင့် လစဉ်လတိုင်း ကဏ္ဍအလိုက် အသိပညာပေးဟောပြောပွဲများကို ပြုလုပ်ခဲ့သည်မှာ အကြိမ်ပေါင်း ၂၀ ကျော် ရှိပြီဖြစ်ရာ ယင်းနေ့ဟောပြောပွဲသည်လည်း ပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ရာ ထိုပွဲမှတစ်ဆင့် ရရှိလာသောဗဟုသုတများကို လက်တွေ့ပြန်လည်အသုံးချပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ ထာဝရကင်းစင်ပပျောက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဦးကျော်အောင်က ဆိုသည်။

ဟောပြောပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝါဏိဇ္ဇဘွဲ့ရများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အေးမင်းသူ**

# အိမ်တော်ရာသပိတ်မှောက်စျေး နှစ် (၈၀) ပြည့်

ဆူးငှက်

မန္တလေး အိမ်တော်ရာဘုရားပရိဝုဏ်ရဲ့ ရာဟုထောင့်မှာ နာမည်ကျော် ၁၄ ခန်း ဇရပ်ကြီးရှိတယ်။ ၁၄ ခန်း ဇရပ်ကြီးထဲမှာ နာမည်ကျော် ပန်းချီဆရာကြီး ဦးချစ်မြဲရဲ့ နံပါတ်တော် ပန်းချီကားတွေရှိတယ်။ မူလ ၁၄ ခန်းဇရပ်ကြီးက ကိုတာမီးကြီးတုန်းက မီးသင့်သွားလို့ မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့မှာ ရွှေကုန်သည်ကျောင်းအမကြီး ဒေါ်စိုး၊ သမီး ကြည်ကြည်၊ မြေး တင်တင်ဦးတို့က ပြန်လည်ဆောက်လုပ် လှူဒါန်းခဲ့တယ်လို့ မှတ်သားရတယ်။

## အိမ်တော်ရာသပိတ်မှောက်စျေး

၁၄ ခန်းဇရပ်ကြီးဟာ မြန်မာ့နိုင်ငံရေးသမိုင်း မျက်နှာစာမှာ ၁၃၀၀ ပြည့်အရေးတော်ပုံကစပြီး အောင်မြေအဖြစ် အထင်အရှားတည်ရှိခဲ့တဲ့ ဘူမိနက်သန်ဖြစ်တယ်။ နိုင်ငံရေးသာမက ဘာသာရေး၊ သာသနာရေး ကဏ္ဍတွေမှာလည်း ဘူမိနက်သန်ဖြစ်ခဲ့တယ်။ ဒါကြောင့် ၁၃၁၆ ခုတော်သလင်းလဆုတ် ၁ ရက် (၁၂-၉-၅၄) တွင် စာသင်ကျောင်းတွေမှာ ဗုဒ္ဓဘာသာသင်ခန်းစာတွေသင်ဖို့၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းဖို့ အိမ်တော်ရာ ၁၄ ခန်းဇရပ်မှာပဲ စုဝေးတောင်းဆိုခဲ့ကြတယ်။

၅-၂-၅၆ ရက်နေ့မှာလည်း ပြည်တွင်းငြိမ်းချမ်းရေး လူထုဆန္ဒပြပွဲကြီး၊ ၂၆-၃-၅၆ ရက်နေ့မှာ ပါဋ္ဌိတက္ကသိုလ် စာမေးပွဲနှင့်ပတ်သက်လို့ ရဟန်းသံဃာများ စုဝေးစည်းဝေးခြင်း၊ ၂၇-၃-၅၆ ရက်နေ့ ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကြီး၊ ၃၀-၃-၅၆ ရက်နေ့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီး၊ ၁၃၁၈ ခု တပေါင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်တွေမှာ ပြည်ထောင်စု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ်အစည်းအဝေး၊ ၇-၇-၅၇ ရက်နေ့မှာ အဖွဲ့ပေါင်း ၁၂၀၊ လူထုပရိသတ် ၅၀၀၀ ကျော်နဲ့ (၁၀) နှစ်မြောက် အာဇာနည်နေ့ အလေးပြုအခမ်းအနား၊ ၈-၇-၅၇ ရက်နေ့က မန္တလေး ရဟန်းသံဃာများ၏ ဘာသာရေးဆိုင်ရာ အစည်းအဝေး၊ ၂၃-၁-၅၉ ရက်နေ့က တည်မြဲ ဖ. ဆ. ပ. လ ဌာနချုပ် ခေါင်းဆောင် ဦးဘဆွေ၊ ဦးကျော်ငြိမ်း၊ ဦးစံထားဆင်နဲ့ ဗ. လ. မ. စ မှ ဒေါ်စိန်ပုတို့၏ လူထုအစည်းအဝေး၊ ၁-၃-၆၁ ရက်နေ့က တရုတ်ဖြူကျူးကျော်မှုတိုက်ထုတ်ရေးနှင့် အမေရိကန်နယ်ချဲ့ဆန့်ကျင်ရေး လူထုအစည်းအဝေး၊ ၂၇-၃-၆၁ ရက်နေ့က (၁၆) ကြိမ်မြောက် တော်လှန်ရေးနေ့ စတဲ့အခမ်းအနားတွေကို အိမ်တော်ရာ ၁၄ ခန်း ဇရပ်ကြီးမှာ ကျင်းပခဲ့တယ်။ ၁၉၆၂ နောက်ပိုင်း နှစ်စဉ် ဇူလိုင် ၁၉ ရက်နေ့ရောက်တိုင်း အာဇာနည်နေ့အခမ်းအနားကြီးကို အိမ်တော်ရာ ၁၄ ခန်း ဇရပ်မှာပဲ မြို့လုံးကျွတ်ဆင်နွှဲကြတာ ၁၉၈၀ ကျော်အထိပါပဲ။

တကယ်တော့ နိုင်ငံရေးအောင်မြေအဖြစ် အစဉ်အလာကြီးစေခဲ့တဲ့ ၁၄ ခန်းဇရပ်ကြီးနဲ့ အိမ်တော်ရာဘုရားရဲ့ နိုင်ငံရေးမျက်နှာစာ ပြည်ဖုံးကားဟာ ၁၃၀၀ ပြည့်ကာလ ရဟန်းရှင်လူ ကျောင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ၁၃၀၀ ပြည့်ကာလ အိမ်တော်ရာသပိတ်မှောက်စျေး လှုပ်ရှားမှုပါပဲ။

## စျေးချိုသူ၊ စျေးချိုသားတွေလည်းပါဝင်

အချိန်က လွတ်လပ်ရေးအရှိန်အဟုန် ပြင်းထန်နေတဲ့ ၁၉၃၈-၁၉၃၉ ခုနှစ်ကာလ။

၁၉၃၈ ခုနှစ်ဆန်းကတည်းက မန္တလေးမှာ ဗဟိုအမျိုးသားအထက်တန်းကျောင်း (ယခု အ. ထ. က-၂) ကစပြီး နယ်ချဲ့ကိုဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေစတင်နေပြီ။ ဒီလှုပ်ရှားမှုတွေကို မန္တလေးမှာ အလွန်ဩဇာရှိတဲ့ ရဟန်းပျိုအဖွဲ့ကလည်း ထောက်ခံနေပြီ။ နယ်ချဲ့ကလည်း ဖမ်းသူဖမ်း၊ ထောင်ချသူချနဲ့ ဖိနှိပ်နေပြီပေါ့။ ဒီကြားထဲ လူမျိုးရေးအဓိကရုဏ်းကိုလည်း ဖန်တီးလိုက်သေးတယ်။ ဒါပေမယ့် နယ်ချဲ့ဆန့်ကျင်ရေးအရှိန်အဟုန်က မပျက်ပြယ်ခဲ့ပါဘူး။ ကျောင်းသားလှုပ်ရှားမှုကစခဲ့တဲ့ နယ်ချဲ့ဆန့်ကျင်ရေးဟာ ရဟန်းပျိုအဖွဲ့ရော မြို့လူထုသာမက စျေးချိုသူ စျေးချိုသားတွေလည်း ပါဝင်လာကြတယ်။ ကျောင်းသားတွေနဲ့ မြို့လူထုက စီတန်းဆန္ဒပြမယ်။ စျေးချိုတော်ကြီးလည်း ဆန္ဒပြလူထုကြီးကို ကြိုဆိုကြမယ်။ ဂုဏ်ပြုကြမယ်။ ခေါင်းဆောင်တွေကို ပန်းကုံးစွပ်ကြမယ်နဲ့ အုတ်အော်သောင်းတင်းဖြစ်နေတော့ နယ်ချဲ့ဟာ စျေးချိုတော်မှာ ပုဒ်မ-၂၃(၇) ကို ထုတ်ပြန်လိုက်ပါတယ်။

ရဟန်းပျိုအဖွဲ့ကလည်း မန္တလေးစျေးချိုတော်ကြီးကို သပိတ်မှောက်ဖို့ ညွှန်ကြားလိုက်တယ်။ ဒီတော့ စျေးချိုသူ၊ စျေးချိုသားတွေဟာ ၁၃၀၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် (၁၉၃၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်) နေ့မှာ စျေးချိုရုံကြီး ၁၂ ရုံကို သပိတ်မှောက်ပြီး စျေးချိုအနောက်ဘက် သီရိဟေမာအရှေ့ရပ်ကွက်မှာရှိတဲ့ အိမ်တော်ရာဘုရားဝင်းထဲ စျေးသွားဖွင့်ကြတယ်။ မန္တလေးစျေးချိုဆိုတာ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံကိုး။ နယ်ချဲ့ကို တော်လှန်ဖီဆန်ပြီး သပိတ်မှောက်ကြတော့ လူမျိုးခြား အရင်းရှင်ကုန်သည်ကြီးတွေက ဘယ်ပါရဲမလဲ။

ဒါ့အပြင် နယ်ချဲ့အလိုတော်ရိတွေ၊ တောကြောင်တွေကလည်း ဒီတိုက်ပွဲမှာ ဘယ်ပါရဲကြမလဲ။ ဒီလိုလူတွေဟာ ဘုရားစျေးကိုမလိုက်ဘဲ ခြောက်ကပ်ကပ်စျေးချိုမှာ နေရစ်ခဲ့ကြတယ်။ တချို့လည်း ပစ္စည်းသိမ်း၊ အိမ်ပြန်ပြီး မသိလိုက်မသိဘာသာ နေကြတယ်။ ဒါပေမယ့် ဒီလိုလူတွေက လူနည်းစုပါ။ မြန်မာလူမျိုးတိုင်း မျိုးချစ်စိတ်ရှိသူတိုင်းဟာ ဘုရားစျေးမှာ ရဲရဲဝံ့ဝံ့ စျေးထွက်ကြပါတယ်။ ဒီအချိန်မှာ ဆရာငြိမ်းဟာ ပြည်သူ့ဘက် မှန်ကန်တဲ့ဘက်က ရဲရဲရပ်ပြီး -

"အိမ်တော်ရာ ဘုရားစျေး" ဆိုတဲ့ သီချင်းတစ်ပုဒ်ကို ရေးဖွဲ့လိုက်ပါတော့တယ်။





## စည်းရုံးရေးကြောင့် အောင်ပေသည်

ဒီသီချင်းရဲ့ ပထမအပိုဒ်မှာ -

လက်ဆယ်ဖြာ စုံညီ၊ တင်ထိပ်ဦး ဖူးခဲ့သည်
မှတ်မိကြသေးရဲ့လား မေးလိုက်ချင်သည်
လေပြည်ဆော်ပြန်ရင် ညောင်ရွက်သံ တရှဲရှဲ
ဆည်းလည်းသံ ညံစီစီ (တွေးမိပြီ)၂
လောကရံသီ၊ အိမ်တော်ရာစေတီ၊
ဘုရားစျေး ပြေးလို့ မြင်နိုင်သည်။
တို့ဂုဏ်ရောင်
ပြောင်ပြောင်၊ စည်းရုံးရေးကြောင့်
အောင်ပေသည်. . . လို့ ရေးဖွဲ့ထားပါတယ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ ဘုရားရိပ် တရားရိပ်ရဲ့ အေးမြပုံကို လေပြည်ညောင်ရွက်သံ၊ ဆည်းလည်းသံ စတဲ့စကားလုံးတွေနဲ့ ခြယ်မှုန်းပြီး ဘုရားစျေးကို မှတ်မိကြပါရဲ့လားဆိုတဲ့ ချစ်စရာမေးခွန်းလေးနဲ့အတူ ပြည်သူလူထုရဲ့ နယ်ချဲ့ဆန့်ကျင်ရေးမှာ စည်းရုံးရေးကြောင့် အောင်မြင်ခဲ့ပုံကို သတိရစေခဲ့ပါတယ်။

## ဘာကိုမဆို အလိုပြည့်နိုင်သည်

မြန်မာဖြစ် ဟံဇာအထည် တောင်မြို့ထည်တွေရဲ့ ရောင်စုံလှပုံတွေဟာ မျက်စိတွင်းက မထွက်ကြောင်း၊ ဟံဇာထည်နှင့် တောင်မြို့ထည်များသာ ဝတ်ဆင်ပါက မြန်မာ့ကျက်သရေ၊ မြန်မာ့အလှတွေဖြင့် အဆင်ပြေပြေ ယဉ်ပေမည်ဖြစ်ကြောင်း တခမ်းတနား စပ်ဆိုခဲ့ပါတယ်။ အဲဒီခေတ်က စျေးချိုတော်ကြီးမှာ အဝတ်အထည်တွေ ရောင်းချကြတာက နိုင်ငံခြားသား အရင်းရှင်ကြီးတွေပဲ များပါတယ်။ ပြီးတော့ နိုင်ငံခြားဖြစ်အဝတ်အထည်တွေကိုပဲ အလုံးအရင်းနဲ့ ရောင်းကြတာမို့ တိုင်းရင်းသားကုန်သည်လေးတွေရဲ့ တိုင်းရင်းဖြစ်အထည်လေးတွေဟာ မျက်နှာပန်းမလှ ဖြစ်နေတာပေါ့။ အခုလို စျေးချိုကြီးသပိတ်မှောက်လိုက်တော့ ဟံဇာဦးအေး၊ ဒေါ်သန်း စတဲ့ တိုင်းရင်းသားအထည်ကုန်သည်တွေကပါ ဘုရားစျေးမှာ လာပြီး တက်တက်ကြွကြွ စျေးထွက်ကြပါတယ်။ ဒီတော့ ဆရာငြိမ်းဟာ မျိုးချစ်စိတ်ရှိတဲ့ တိုင်းရင်းသား အထည်ကုန်သည်များနဲ့ တိုင်းရင်းဖြစ်အထည်များကို ဂုဏ်ပြုစပ်ဆိုသလို မန္တလေးစျေးချိုသူတွေရဲ့ ဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှုတွေနဲ့ စျေးဝယ်သူကို ပြုံးမယောင်မျက်နှာလေးနဲ့ မရဲတရဲမေးတတ်ပုံကအစ ယနေ့ထက်တိုင် မန္တလေးရဲ့ နာမည်ကြီးအစားအသောက်ဖြစ်တဲ့ မလိုင်ပေါက်စီပါ ဘုရားစျေးမှာ ရနိုင်ကြောင်းများကိုလည်း ဒုတိယအပိုဒ်မှာ အခုလိုစပ်ဆိုခဲ့ပါတယ်။

'ဟံဇာထည် (တောင်မြို့ထည်)
နီပြာဝါရွှေ စိမ်းလဲ့ညို ကြော့ရှင်း
မျက်စိတွင်းက မထွက်သည်။
မြန်မာ့အသရေ အလှတွေ၊
အဆင်ပြေ၊ ယဉ်ပေသည်။
ပြုံးမယောင် မျက်နှာလေးက၊
မရဲတရဲ ဘာဝယ်မလဲရှင်၊
စျေးသည်ပီပီ၊ မေးတတ်ရှာသည်၊
စားဖွယ်သောက်ဖွယ်၊ ငါးခြောက်ရယ်
ငါးပိရယ်ရှိတယ်။
ဘာကိုမဆို အလိုပြည့်နိုင်သည်၊
ယုတ်စွအဆုံးတိုင် မလိုင်ပေါက်စီ
သုံးဆောင်နိုင်ပါသည်။
အပါးနံဘေး ဘုရားစျေး အိမ်တော်ရာစေတီ' တဲ့။

## အလော်မာသဘော မတော်တာပြော

အိမ်တော်ရာမှာ စျေးဖွင့်တော့ မူလက စျေးချို အမှုဆောင်အဖွဲ့အစား ရဟန်းပျိုအဖွဲ့ရဲ့ ဩဝါဒခံ စျေးအမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းလိုက်ပါတယ်။ ဆင်တဲတား ဦးသိန်းကို ဥက္ကဋ္ဌတင်လိုက်တယ်။ မိုးကောင်းတိုက် ဦးပဏ္ဍိ၊ ဦးမေဏ္ဍက၊ ဦးကာကြီး၊ ဦးကာလေး၊ ဦးဝိမလ၊ ဦးကုသလ၊ ဦးကောလာသ(အာဇာနည်)နဲ့ ဦးနာရဒ စတဲ့ ဆရာတော်များက စျေးကို စောင့်ရှောက်ကြတယ်။ အဲ့ဒီလိုနဲ့ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်နဲ့ နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာပေါ်ပေါက်လာခဲ့တဲ့ အိမ်တော်ရာဘုရားစျေးမှာ စျေးထွက်သူ မျိုးချစ်စျေးသည်မလေးတွေနဲ့ ရွတ်နောက်နောက် လူပျိုကာလသားများကြားက နောက်ပြောင်ကျီစယ်မှုဟာ စျေးသည်မလေးတွေရဲ့ 'နုတဲ့ပါးပြင်ဆီ ရှက်သွေးဥလို့နီ' သည်အထိ အတိုင်းအထက်အလွန် ဖြစ်တတ်ပါတယ်။ ဒီလိုများ နောက်ပြောင်မှုလွန်ကဲလာရင် စျေးအုပ်ချုပ်ရေး ဆရာတော်များက တားမြစ်အပြစ်ပေးပါတယ်။ ဒီတော့ ဆရာငြိမ်းက မျိုးချစ်စျေးသည်မလေးတွေဘက်က ရပ်တည်ပြီး အစ်ကိုကာလသားတွေကို ဘုန်းဘုရားရိုက်နှက်အပြစ်ပေးမှု မခံရလေအောင် လှပပြေပြစ်တဲ့ အရေးအသား စကားလုံးတွေနဲ့ အခုလို သတိပေး ရေးစပ်ထားပါသေးတယ်။

ဘုရားတန်ခိုးနဲ့ တိုးလို့လှတဲ့ ကုမ္ဘာရီ
ကာလသားတွေ လာပြန်ပြီ၊ ပိုက်ဆံမပေးရတိုင်း
ပိုးလည်း ပိုးရှာကြတော့သည်။ အလော်မာသဘော
မတော်တာပြော၊ သူတို့ပဲ စကြသည်။ နုတဲ့ပါးပြင်ဆီ
ရှက်သွေးဥလို့နီ၊ မျက်စောင်းလေး သုန်သုန်မှုန်မှုန်
ဘုန်းဘုန်းကို လျှောက်လိုက်ရင်
အခြောက်တိုက်ပင် အရိုက်ခံထိတော့မည်. . . တဲ့။

ဒီနှစ် ၂၀၁၈ခုနှစ် နိုဝင်ဘာလမှာ အတိတ်က ရဟန်းရှင်လူ ကျောင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ၁၃၀၀ ပြည့်ကာလ အိမ်တော်ရာသပိတ်မှောက်စျေးနဲ့အတူ ဒီဖြစ်စဉ်ကို မှတ်တမ်းတင်စပ်ဆိုခဲ့တဲ့ မြို့မငြိမ်းရဲ့ "အိမ်တော်ရာဘုရားစျေး" သီချင်းဟာလည်း နှစ် (၈၀) ပြည့်ပြီမို့ အမှတ်တရ ဂုဏ်ပြုလိုက်ပါတယ်။

## ပဲခူးမြို့၌ စာအောင်သံဃာနှင့် သီလရှင်များအား နဝမအကြိမ် ပူဇော်ပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပိဋကတ်တော် စာကြည့်တိုက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ စာမေးပွဲများတွင် အဆင့်အသီးသီးမှ ဖြေဆိုအောင်မြင်တော်မူကြသည့် ပိဋကတ်တော် စာကြည့်တိုက်အသင်းဝင် စာအောင်သံဃာနှင့် သီလရှင်များအား နဝမအကြိမ် ပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီကကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကိုးသိန်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ပိဋကတ္တယပါရဂူ၊ ဓမ္မာစရိယ (ဘီအေ)ထံမှ ငါးပါးသီလခံယူဆောက်တည်တော်မူကြသည်။

ထို့နောက် ပိဋကတ်တော်စာကြည့်တိုက် နာယက ဦးကျော်ဝင်းက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ပိဋကတ်တော်စာကြည့်တိုက် တာဝန်ရှိလူကြီးများနှင့် အလှူရှင်များက စာအောင်သံဃာနှင့် သီလရှင်များ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူ ဒါန်းပူဇော်ခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် အောင်ဇေယျာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တ



သာသနာသီရိ ဓမ္မာစရိယ (မြန်မာစာဂုဏ်ထူး) ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတမ်းပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နဝမအကြိမ် စာအောင်သံဃာနှင့် သီလရှင်များ ပူဇော်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ကျင်းပသော စာမေးပွဲများတွင် အဆင့် အသီးသီးမှဖြေဆိုခဲ့ကြသည့် ပိဋကတ်တော် စာကြည့်တိုက်အသင်းဝင်များမှ သံဃာ ၃၁ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်း ၃၃ ပါး အောင်မြင်တော်မူကြသည်။ နာယကဆရာတော်များ၊ စာအောင်သံဃာနှင့်သီလရှင်များ၊ အခမ်းအနားတက်ရောက် လာကြသူများအား ပဲခူးမြို့မှ အလှူရှင် ဒေါက်တာ မောင်မောင်မြင့်နှင့် စာရေးဆရာမ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)မိသားစုတို့မှ နှစ်စဉ်အချိုရည်နှင့်အအေးများ ဆက်ကပ်လှူဒါန်းမှုပြုလုပ်ပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလ ကြိုတင်မဲများ လက်ခံလျက်ရှိ

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် ကြိုတင်မဲများကို အောက်တိုဘာ ၂၄ ရက်မှ စတင်လက်ခံနေပြီ ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ကြိုတင်ဆန္ဒမဲလက်မှတ်များ လက်ခံခြင်းနှင့်ပတ်သက်၍ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဒေါ်ဝင်းသီတာအောင်က "ကြိုတင်မဲများကို အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်နေပါတယ်။ တစ်ပိုင်းကတော့ အောက်တိုဘာ ၂၄ ရက်ကနေ နိုဝင်ဘာ ၂ ရက်အတွင်း တာဝန်နှင့် ထွက်ခွာရမယ့် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း တာဝန်များဖြင့် သွားလာမယ့်သူများ ပါဝင်ပါတယ်။ နောက်တစ်ပိုင်းကတော့ နိုဝင်ဘာ ၁ ရက်နဲ့ ၂ ရက် ရွေးကောက်ပွဲကာလတွေမှာ မဖြစ်မနေ တာဝန်နဲ့ ခရီးထွက်ခွာရမယ့်သူတွေ ပေးရမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

"လက်ရှိအနေနဲ့ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲတွေကို ပုံစံ(၁၅)နဲ့ တောင်းခံထားတာဆိုရင် ၁-၁ က ရှစ်ဦးရှိပါတယ်၊ ၁-၃ ကတော့ သုံးဦးရှိပြီး စုစုပေါင်း ၁၁ ဦး ပြန်ပို့လာတာရှိပါတယ်၊ အဲဒီမဲလက်မှတ်တွေကို ပြီးခဲ့တဲ့ အောက်တိုဘာ ၁၈ ရက်မှာ စေ့စပ်ညှိနှိုင်းရေးကော်မတီရှေ့မှာ မဲပုံးထဲထည့်ပြီး လုံခြုံရေး ကြိုးချည်ပိတ်ထားပြီးဖြစ်ပါတယ်" လို့ ကြိုတင်မဲသိမ်းဆည်းမှုအခြေအနေကို ၎င်းက ဆက်လက်ပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲ ကာလအတွင်း မြစ်ကြီးနား မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နှစ်သိန်းကျော်ရှိနေပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်နေရာအတွက် မြို့ပေါ် ရပ်ကွက်ပေါင်း ၂၈ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂ အုပ်စု၊ တာလောကြီးနယ်မြေအတွင်း ငါးအုပ်စု၊ ဆင်ဘိုဒေသအတွင်း ၁၅ အုပ်စုတို့ဖြင့် စုစုပေါင်းနေရာ ၆၀ တို့တွင် မဲရုံပေါင်း ၁၁၄ ရုံရှိကြောင်းနှင့် ကိုယ်စားလှယ် လောင်းနေရာအတွက် ကချင်ဒီမိုကရက်တစ် ပါတီ၊ ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ် ဒီမိုကရေစီပါတီ စသည့်ပါတီငါးခုမှ ကိုယ်စားလှယ်လောင်းငါးဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း တစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံ များသို့ ဆန္ဒမဲလက်မှတ် ထုတ်ပေးခြင်း၊ မဲရုံသုံး ပစ္စည်းများထုတ်ပေးခြင်းနှင့် မဲရုံများ ပြင်ဆင် ဆောင်ရွက်ထားမှုများကို ကြိုတင် စစ်ဆေးဆောင် ရွက်သွားမည်ဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ယင်းမာပင်မြို့နယ် သမိုင်းဝင်ရွှေတောင်ဦးစေတီ ထီးတော်တင်မင်္ဂလာ ကျင်းပ

**ယင်းမာပင် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သမိုင်းဝင် ရွှေတောင်ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက် ၇ နာရီက စေတီတော်ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အရာရှိများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ဒေသခံများ လာရောက်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင် (ကနီ)**

## ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်(ပုသိမ်) စည်ကားစွာကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိ

**ပုသိမ် အောက်တိုဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေ ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ နိုဝင်ဘာ ၃ ရက်၊ ၄ ရက် နှင့် ၅ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမအတွင်း စာအုပ်စင်(သံစင်)များကို ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ကလေးငယ်များ ဗဟုသုတရရှိမည့် စာအုပ်စာစောင်များ ပြသကာ စာအုပ်အရောင်းပွဲတော် ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**စန္ဒာမိုး (ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း သုံးသပ်ဆွေးနွေးပွဲဆောင်ရွက်

**အထက်မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ဒီးဒုတ်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ထို့နောက် မင်းလှမြို့နယ်၌ ယခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၅ သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ဒီးဒုတ်ကန်ကျေးရွာ တွင်းရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က စီမံကိန်းအပေါ် သုံးသပ်ဆွေးနွေးခဲ့သည်။ ထို့နောက် ကျေးရွာတွင်းရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဓာဓာ(အထက်မင်းလှ)**

## ကြယ်ပွင့်များနှင့် ဟောလိုးဝင်း

### ယခုနှစ် ဟောလိုးဝင်းနေ့ရဲ့ ဘုရင်မ ရီတာအော်ရာ



ဗြိတိန်ပေါ့ပ်ကြယ်ပွင့် ရီတာအော်ရာဟာ ယခုနှစ်အတွက် ဟောလိုးဝင်းဝတ်စုံတွေထဲမှာတော့ အပြောင်မြောက်ဆုံး ဝတ်ဆင်နိုင်ခဲ့တဲ့ ကြယ်ပွင့်တစ်ဦး ဖြစ်ပါတယ်။ သူဟာ ဟောလိုးဝင်းနေ့အတွက် ရည်ရွယ်ပြီး လတ်တလောမှာတော့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ပို့စ်မယ်လွန်ပုံစံအတိုင်း ပြင်ဆင်ခဲ့တာ တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီနှစ်ရဲ့ ဟောလိုးဝင်းအတွက်တော့ ရီတာအော်ရာဟာ ဘုရင်မလို့ ဆိုရမှာပါ။ သူ့ရဲ့ အပြင်အဆင်တွေဟာ တကယ့်ကို ပို့စ်မယ်လွန်ကဲ့သို့ တူအောင်ပြင်ဆင်ထားတာ ကိုလည်း တွေ့ရပါတယ်။ သူဟာ အဝတ်အစားတွေကို ပို့စ်မယ်လွန်ရဲ့ အထင်ကရ ဝတ်စုံတွေထဲက တစ်စုံကို ဝတ်ဆင်ခဲ့တာဖြစ်ပြီး ဆံပင်ပုံစံကအစ တူအောင်ပြင်ဆင် ထားတာပါ။ ဒ့ါအပြင် ပို့စ်မယ်လွန်ကဲ့သို့ မျက်နှာပေါ်မှာ တက်တူးအတုတွေလည်း ရေးဆွဲ လာတာ တွေ့ရပါတယ်။

ဒီလိုပြင်ဆင်မှုတွေကို ရီတာအော်ရာက လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ပါတီတစ်ခုရဲ့ဖျော်ဖြေပွဲမှာ ဝတ်ဆင်လာခဲ့တာဖြစ်ပါတယ်။ ဖျော်ဖြေရေးစင်မြင့်ပေါ် ရောက်ရှိသည်အထိ သူ့ရဲ့ပရိသတ်တွေက ရီတာအော်ရာကို မမှတ်မိကြပါဘူး။ သူဟာ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ပို့စ်မယ်လွန်အတိုင်း ဝတ်ဆင်ကာ ဖျော်ဖြေရေးစင်မြင့်ပေါ် တက်ရောက်လာခဲ့ပေမယ့် အဆိုပါဖျော်ဖြေပွဲမှာတော့ သူ့ရဲ့ ပေါ့ပ်တေးသီချင်းတွေကိုသာ သီဆိုဖျော်ဖြေခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

### ဟောလိုးဝင်းမှာ ဟယ်ရီပေါ်တာအဖြစ် တွေ့မြင်ရတဲ့ ဆန်းရီ

တောင်ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Big Bang"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်းရီဟာ လတ်တလောမှာတော့ ဟယ်ရီပေါ်တာ ဝတ်စုံကို သူငယ်ချင်းတွေနဲ့ ဆင်တူဝတ်ဆင်ထားတာ တွေ့ရပါတယ်။ ဒီနှစ်ရဲ့ ဟောလိုးဝင်းနေ့အတွက် ယခုလို ပြင်ဆင်ထားတာဖြစ်ပြီး သူ့ရဲ့ဓာတ်ပုံကို ဆန်းရီက အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်းလည်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆန်းရီက သူ့ရဲ့ဓာတ်ပုံအောက်ခြေမှာတော့ ဆန်းရီပေါ်တာလို့ ထည့်သွင်းရေးသား ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။





### အယ်လ်တန်ဂျွန်လို ပြင်ဆင်ပြီး ဟောလိုးဝင်းပါတီ တက်ရောက်ခဲ့တဲ့ ဟယ်ရီစတိုင်

"One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ်ပါ အောင်မြင်မှုတွေရရှိလာခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် ဟယ်ရီစတိုင်ကတော့ လတ်တလောမှာပြုလုပ်ခဲ့တဲ့ ဟောလိုးဝင်းပါတီပွဲတစ်ခုကို ဂန္ထဝင်တေးသံရှင်ကြီးတစ်ဦးဖြစ်တဲ့ အယ်လ်တန်ဂျွန်ကဲ့သို့ ပြင်ဆင်တက်ရောက်ခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ကပြုလုပ်ခဲ့တဲ့ နှစ်စဉ်ကျင်းပမြဲ "Casamigos"ရဲ့ ဟောလိုးဝင်း ပါတီပွဲကို ဟယ်ရီစတိုင်ဟာ အခြားသော ဟောလိဝုဒ်ထိပ်တန်းကြယ်ပွင့်တွေနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပြီး ဒီပွဲမှာဟယ်ရီစတိုင်ဟာ အယ်လ်တန်ဂျွန်လို ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။ ဟယ်ရီစတိုင်ဝတ်ဆင်လာခဲ့တဲ့ ဝတ်စုံကတော့ အယ်လ်တန်ဂျွန်အနေနဲ့ ၁၉၇၅ ခုနှစ် လော့စ်အန်ဂျလိစ်ဖျော်ဖြေပွဲတစ်ခုမှာ ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၄-၉-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၅-၉-၂၀၁၈ ရက်နေ့မှ ၁၆-၁၁-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၄၄၀၀၀ိ/- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/- ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့် ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၂၀၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၈** ရက်နေ့မှ စတင်၍ **၂၄-၁၁-၂၀၁၈** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၈-၁၂-၂၀၁၈** မှ **၂၉-၁၂-၂၀၁၈** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန်းဌေးနှင့်ရောင်းရင်းများ ၅၀ တန်ဆောင်တိုင်ဘုရားဖူး**

✿ ရွှေတောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလှိုဏ်ဂူ၊ မွှေတော်ကက္ကူ(၄)ရက်၊ လျှိုင်ကော်ပါ(၅)ရက်။ Nov 2, 9, 16, 20, 23, 30
✿ ပုဂံ-ပြောင်ဦးပွပ္ပါး ပဒေ့ကူ(၄)ရက်၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် ပါ(၅)ရက်။
✿ မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ မုံရွာ (၄)ရက်၊ အားလုံးပါ(၇/၁၀)ရက်။
✿ မန္တလေး၊ မိုးကုတ်၊ အင်းဝ၊ ကျောက်ဆည် မဟာသိမ်တော်ကြီး (၄)ရက်။
✿ အင်းတော်ကြီး၊ မြစ်ကြီးနား-မြစ်ဆုံ၊ ဝဲလုံတောင်ရွှေဘို (၆)ရက်၊ မိုးကုတ်ပါ(၇)ရက်။
✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ထီး၊ ဝက်ခဲ(၅)ရက်၊ မြိတ်ပါ(၆)ရက်။
✿ မြိတ်၊ ကော့သောင်း၊ ရနောင်း(သူဌေးကျွန်း)(၇)ရက်။ Nov 16,20
✿ ပေါ်လယ်မြိုင်၊ ကျိုက်ထီး၊ ဝက်ခဲ၊ ကျိုက်ထီးရိုး (၂/၃)ရက်။ ✿ ကျိုက်ထီးရိုး/ ရောင်းသာ(နေ့စဉ်)

နေ့ရှုစ်းမြစ် ခရီးစဉ်များ ✿ ကျိုက်ထီးရိုး၊ ဆောင်နိုင်ကြီးရေတံခွန်၊ ဝင်တော်ဆင်ခေါင်း ✿ ပြည်၊ အာကောက်တောင်၊ နတ်ချစ် ✿ နေပြည်တော် ✿ ဖလွန်

၄၁၆(ပထပ်)၊ ရွှေဘုံသာလမ်း 01-380141, 01-241863, 09-43043109, 09-30284810

**Asia Dragon** ဘာရှုနဂါး
✧ ကျိုက်ထီးရိုး - ဆောင်ကြီး၊ အင်းလေး၊ ပင်းတယ - မန္တလေး၊ ပြင်ဦးလွင်
✧ ချောင်းသာ - ပုဂံ၊ ဖြူး၊ ကော်လေ(သ)၊ ပြူး - မန္တလေး၊ ဖားအံ၊ ကိုင်း၊ အင်းဝ
✧ ငွေဆောင် - မြဝတီ၊ မဲဆောက်၊ ဘားအံ - လက်မှတ်များကို အိမ်အရောက် ပို့ဆောင်ပေးပါသည်
01 707062, 09 799 100 100, 09 300 300 30



စာစဉ် ၃၁၅
အတွေးအမြင်
နိုဝင်ဘာလ
ထွက်ပြီ
ဖေါင်းစာပေ




DAW KHIN KYI
FOUNDATION

**အခြေခံပညာ အထက်တန်းဆင့် (၈ တန်းအောင်မှ ၁၀ တန်း) သင်တန်းသားခေါ်ယူခြင်း**

နိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်လူရွယ်များကို အခြေခံပညာ အထက်တန်းဆင့်မှာပင် နည်းပညာ ဘာသာရပ်များ လေ့လာသင်ကြားခွင့် ရရှိစေရန်၊ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကြောင်း ပြုနိုင်သည့် အတတ်ပညာ လေ့ကျင့်သင်ကြားပေးရန်နှင့် ဒေသတွင်း မိမိတို့ စိတ်ဝင်စားသော အလုပ်အပေါ်တွင် ကျွမ်းကျင်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရန် ရည်ရွယ်၍ အခြေခံပညာ အထက်တန်းဆင့် ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာ သင်တန်း အပတ်စဉ်(၁)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပါသည်။

(1) **သင်တန်းဖွင့်လှစ်မည့်ရက်** - 07.01.2019
(2) **သင်တန်းဖွင့်မည့်နေရာ** - HCTA, N/61၊ မကိုးကန်ကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(3) **ပို့ချမည့်သင်တန်းများ** -
i. Culinary Arts (အချက်အပြုတ် အခြေခံသင်တန်း)
ii. Pastry and Bakery (ပေါင်မုန့်၊ ကိတ်မုန့်ပြုလုပ်ခြင်း အခြေခံသင်တန်း)
iii. Housekeeping Operation (အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးအခြေခံသင်တန်း)
iv. Food and Beverage (အစားအသောက်နှင့် အအေးယမကာ အခြေခံသင်တန်း)
v. Front Office Operation (ဧည့်ကြိုဝန်ထမ်းအခြေခံလုပ်ငန်းစွမ်း သင်တန်း)
vi. Compulsory
-English (အခြေခံဟိုတယ်သုံးအင်္ဂလိပ်စာ)
-Environmental Conscience study (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်)
(4) **သင်ကြားမည့်ကာလ** (ရုံးပေါင်း (9) ပတ်)
- (07.01.2019) မှ (08.03.2019)

(5) **သင်တန်းသားသင်တန်းသူတို့၏ လိုအပ်ချက်များ**
- အခြေခံပညာ အလယ်တန်း (အနည်းဆုံး ၈ တန်းအောင်မြင်ထားပြီးသူဖြစ်ရမည်)
- အသက် (၁၈) နှစ်မှ (၃၀) နှစ်အတွင်း
- အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့် သင့်လျော်သော ကျန်းမာရေးရှိရမည်။

(6) **လျှောက်လွှာတင်ရန်လိုအပ်သော စာရွက်စာတမ်းများ**
- ဝင်ခွင့်လျှောက်လွှာ
- နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ
